

ကြက်ဖ
ဝတ္ထုတိုများ
ဒုတိယအကြိမ်

mgyoe.com

မျက်နှာဖုံးပန်းချီ - တော်တီဆွေ
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊
ပထမအကြိမ် - ၂၀၁၀ ပြည့်နှစ်နှစ်၊ ကြောင်နှစ်ကောင်စာပေတိုက်။
ထုတ်ဝေသူ
ဒေါ်သီတာမြင့်၊ စာစည်းစိမ်စာပေ(၀၂၇၈၅)၊
အမှတ် ၂၁၊ လှော်ရွေးဝင်းလမ်း၊ ၁၄ ရပ်ကွက်၊ လှိုင်မြို့နယ်။
ပုံနှိပ်သူ
ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

ရောင်းဈေး – ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com

# ကြက်ဖ

ဝတ္ထုတိုများ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ကြက်ဖ | ၅ |
| ၂။ | ကောင်းလိုက်တဲ့အောင်သွယ် | ၂၉ |
| ၃။ | ချုပ်တိုက်ကြီး | ၄၅ |
| ၄။ | ချွန်စက် | ၇၅ |
| ၅။ | ဟာ ... ဝေါ ... ဟေး | ၈၇ |
| ၆။ | ဘောလုံးကန်တဲ့ ပုဏ္ဏက | ၁၀၇ |
| ၇။ | ရှစ်ကျပ် | ၁၂၇ |
| ၈။ | လက်ညှိုး | ၁၄၇ |
| ၉။ | ဗိုက်သားစားတဲ့ ကားဆရာ | ၁၅၅ |
| ၁၀။ | စေတနာလွန် ... ကျွန် | ၁၇၁ |



mgyoe.com

mgyoe.com




mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

# ကြက်ဖ

ကျွန်တော်တို့ ပြိုင်ပွဲအကြောင်းကို မရေးမီ ကျွန်တော်တို့ ရှစ်တန်းနှစ်တွင် ရရှိခဲ့ကြသော အတန်းပိုင်ဆရာ ဦးထွန်းဇော်အကြောင်းကို အရင်ရေးမှရမည် ဖြစ်သည်။

ဆရာသည် တရုတ်နည်းနည်းစပ်သည်ဟု ကျွန်တော်ထင်သည်။ အသားဖြူဖြူ၊ အရပ် ၅ ပေ ၉ လက်မခန့်၊ ကိုယ်လုံးကျစ်ကျစ်လျစ်လျစ်တောင့်တင်း၍ ဖြောင့်စင်းသောနှာတံ၊ အတန်ငယ်ထူသော နှုတ်ခမ်းနှင့် မျက်ရစ်မပါဘဲ စူးရှသွယ်လျသည့် မျက်ဝန်းများကို ပိုင်ဆိုင်သည်။ ဆရာ့တစ်ကိုယ်လုံးမှာ အထူးခြားဆုံးမှာ စူးရှသွယ်လျသော မျက်ဝန်းများပင်ဖြစ်သည်။ ဆရာသည် စကားနည်းသည်။ Text Book မကိုင်၊ မြေဖြူခဲတစ်ချောင်းကို တိုက်ပုံအင်္ကျီထဲ ထည့်ထားသည်။ ဒတ်(စ်)တာ ရှာမတွေ့လျှင် တခြားဆရာတွေလို မတ်တတ်ရပ်ခိုင်းတာတို့၊ ဆူတာပူတာတို့


mgyoe.com

mgyoe.com
မလုပ်ဘဲ သူ့တိုက်ပုံအင်္ကျီလက်နှင့်ပင် ပွတ်ဖျက်ပစ်လေ့ရှိသည်။ ဒါကို ဆရာမတစ်ယောက်က 'တပည့်တွေရှေ့မှ လုပ်တာဆိုတော့ တပည့်တွေကို နည်းကောင်းတွေ သင်ပေးနေတာပေါ့' ဟု ခနဲ့သည်ကို ဆရာက ...

"အရေးမကြီးတာကို အပြစ်မရှာဖို့ရယ်၊ လေးဆယ့်ငါးမိနစ်ပဲ ရတဲ့ အချိန်ထဲမှာ Dusterကို အချိန်မပေးနိုင်တာကြောင့်ပါ၊ ဝတ္ထုဖတ်ပြီး ဆီးထုပ် စားပြတာလောက်တော့ မဆိုးဘူးထင်တာလည်း ပါတာပေါ့၊ ကောင်းတော့ မကောင်းဘူးပေါ့လေ" ဟု ပြန်ဖြေခဲ့သည်ဟု ဆိုသည်။ ဆရာသည် စကားနည်းပြီး အနေအထိုင် ခွကျသည့်အပြင် မည်သည့်ဆရာနှင့်မျှလည်း မတည့်ဟု ကျန်ဆရာမများက ဆိုကြသည်။ ဆရာက ဒီနှစ်မှ ကျောင်းပြောင်းလာခြင်းဖြစ်ပြီး ရောက်ရောက်ချင်း ရှစ်တန်းတစ်ဆောင်လုံးမှာ အညံ့ဆုံးဖြစ်သော ကျွန်တော်တို့အတန်းကို အတန်းပိုင်အဖြစ် ရခြင်းဖြစ်သည်။

ဆရာသည် စာသင်နေစဉ် စကားပြောတာတို့၊ အစာစားတာတို့ကို ဆူလေ့မရှိပါ။ ကျောင်းစိမ်းမဝတ်တာကိုလည်း ဆူလေ့မရှိပါ။ 'ကျောင်းစိမ်း ဝတ်ထားရင် မင်းတို့ကို ကျောင်းသားမှန်းသိမယ်၊ တစ်ခုခုဖြစ်ရင် အကူအညီပေးမယ်၊ နေရာပေးမယ်၊ ဦးစားပေးမယ်၊ ကိုယ့်အတွက် အတိအကျ အကျိုးပေးတဲ့ကိစ္စကြီးကို မလုပ်ချင်တာတော့ မင်းတို့သဘောပဲ' ဟုသာ ခပ်ဆတ်ဆတ်ပြောသည်။ ကျွန်တော်တို့အတန်းသည် ကျောင်းစိမ်းမဝတ်လျှင် အပေါ်တစ်မတ် အောက်တစ်မတ်ပေးရသော A ခန်းလောက် ကျောင်းစိမ်းပျက်ကွက် မရှိခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဆရာသည် ဆရာမတွေနှင့် မတည့်တာဟု ပြောသူက ပြောကြသည်။

ဆရာက ကျွန်တော်တို့ကို သိပ်မရိုက်တတ်သော်လည်း ဆရာ၏


mgyoe.com

mgyoe.com

သေးငယ်ကျဉ်းမြောင်းစူးရှလှသော မျက်ဝန်းဒဏ်ကို ကျွန်တော်တို့ မခံနိုင်ပါ။ ထို့ကြောင့် ဆရာ့ကို ကြောက်ကြပါသည်။ ဆရာကတော့ သူ့ကို ကြောက်ဖို့ တစ်ခါမျှမပြောဘူးပါ။

အခု ကျွန်တော်တို့ဆရာက ကျောင်းတက်ပြီး သုံးလခန့်သာ ရှိသေးသည်။ ကျွန်တော်တို့အတန်းကို သူ့သဘောနှင့် သူ စာမေးပွဲစစ်ချလိုက်သည်။ ကျွန်တော်မှတ်မိသလောက် တစ်ယောက်မှ မအောင်ပါ။ သို့သော် ဆရာသည် စိတ်လည်းမဆိုး၊ ရိုက်လည်း မရိုက်ပါ။

"ဒီလို အဖြေမှန်ကိုသိရတာ ဝမ်းသာတယ်ဟေ့၊ ငါက ဒါမျိုးမှ ကြိုက်တာ၊ ကဲ ... အင်္ဂလိပ်စာတစ်ဘာသာတည်းကို အမှတ်အများဆုံး ၁၂ မှတ်ရပြီးကျတဲ့ ပထမရကျောင်းသား ထစမ်းဟေ့"

ကျွန်တော့်သူငယ်ချင်း ကျော်ဦးက စပ်ဖြဲဖြဲနဲ့ ထပါတယ်။ ဆရာက ကျေနပ်သလို ပြုံး၍ ခေါင်းညိတ်သည်။

"ကဲ... ပြီးတော့ ဘာသာစုံကျတဲ့ထဲမှာ ဘဲဥက နှစ်လုံးရတဲ့ စန္ဒာလင်းလက် ဆိုတာ ထစမ်းဟေ့ မြင်ဖူးထားချင်လို့"

ကျွန်တော်တို့ အတန်းထဲမှာ ရုပ်အချောဆုံးဟု အားလုံးက သိထားသော စန္ဒာက ထရပ်သည်။ သူလည်း ရယ်လျက်ရှိ၏။

"ကဲ ... စန္ဒာလင်းလက်၊ ကျော်ဦးဘေးမှာ သွားထိုင်၊ ကျော်ဦးက အတန်းထဲမှာ အတော်ဆုံးဆိုတော့ အညံ့ဆုံးဖြစ်တဲ့ စန္ဒာ့ကို ဆရာလုပ်တော့၊ စန္ဒာ စာမရရင် စာမှားရင် စန္ဒာလင်းလက်ကို မရိုက်ဘူး၊ သူ့ဆရာမင်းကိုရိုက်မယ် ကျော်ဦး၊ ငါပြောတာ နားလည်လား၊ ကဲ ... မကြည်မာ ဒုတိယရတယ်၊ ထစမ်း"

အဲဒီလိုနဲ့ ဆရာက အဆင့် (၁) နဲ့ (၅၉)၊ (၂) နဲ့ (၅၈) စသည်ဖြင့်


mgyoe.com

mgyoe.com
တွဲပေးသည့်အတွက် ကျွန်တော်တို့အတန်းထဲမှာ ဆရာတပည့် စုံတွဲအစိတ်တိတိ ရှိပါသည်။ ဆရာများက တပည့်များကို အနားတွင်ထားကြရသည်။

ဆရာ့စည်းကမ်းက ဆရာမှားလျှင် တစ်ချက်၊ တပည့်မှားလျှင် ငါးချက် ရိုက်လေ့ရှိသည်။ တပည့်မှားလျှင် ဆရာက ဝင်ဆို ဝင်တွက်ပေးပြီး ဆည်ခွင့်မရှိ။ အရိုက်ခံရဖို့သာ ရှိသည်။ ဆရာမှားလျှင် တပည့်က ပင်ဖြေပေး၊ ဝင်ဆို၊ ဝင်တွက်ပေးပြီး ကယ်၍ရသည်။ ထိုအခါတွင် တပည့်က ဆရာဖြစ်ပြီး ဆရာက တပည့် ပြန်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာ့ကို မကြိုက်သော တပည့်များမှာ ဆရာစာမရတာနှင့် ကြုံသောအခွင့်အရေးကို လက်မလွှတ်ဘဲ ဆရာပြန်ဖြစ်ရေးကို မပြတ်ချောင်းနေကြတတ်သလို ဆရာမှ စာမရ၍ တပည့်ပြန်ဖြစ်နေသော တပည့်ကလည်း ဆရာပြန်ဖြစ်အောင် စာကျက်ရလေသည်။

ထိုစနစ်ကြောင့် ကျွန်တော်တို့ ဘတ်ချေး (အီး)အခန်းမှာ ပထမခြောက်လပတ်တွင် ကျဝုံသူမရှိ၊ စံချိန်ကို တင်နိုင်ခဲ့လေသည်။ ထိုခြောက်လပတ် စာမေးပွဲတွင်လည်း ဆရာက ထုံးစံအတိုင်း အဆင့်များကို ခေါက်ချိုးချိုးပြီး တွဲပေးခဲ့ပြီး ဆရာတပည့် စုံတွဲ (၂၅) တွဲနှင့် စာသင်စေပြန်ပါသည်။ ထိုအတွဲတွင် ကျွန်တော်၏ တပည့်လုပ်ရသူက ရင်ရင်အိဆိုသောကောင်မလေးဖြစ်သည်။

ထိုရင်ရင်အိမှာ ဝတုတ်မကလေးဖြစ်ပြီး ဉာဏ်ကလည်း ထိုင်းလေသည်။ ရယ်လိုက်လျှင် ကလေးလေးနှင့် တော်တော်တူပြီး ငိုလျှင်တော့ ဘီလူးမပေါက်စနဲကလေးနှင့် တူ၏။ ထို့ကြောင့် ရင်ရင်အိသည် အမြဲတမ်း ဘီလူးမကလေး ဖြစ်သည်။

မိန်းကလေးမို့ ကျက်စာများတွင် ကျက်အားကောင်းသောကြောင့်


mgyoe.com

mgyoe.com

မသိသာသော်လည်း တွက်သည့်ချက်သည့် နေရာတွင်မတော့ အတော်လေးကို ဒုံးဝေးပါသည်။ သင်လေမှားလေ မသင်ဘဲထားတော့ ဘာမှမသိလေဆိုသည့်အထဲတွင် ရင်ရင်အိသည် ထိပ်ဆုံးမှ ရှိလေသည်။ ထို့ကြောင့် ကျွန်တော် ဒီအခါ ကျောင်းသားဆရာတွေထက် ပို၍ကြိုးစားရလေသည်။

ဆရာလုပ်ပေးထားသော system က တပည့်မှားလျှင် ဆရာကို အားရပါးရတွယ်သော system ဖြစ်သဖြင့် ကိုယ့်ကိုယ်ကိုယ်ထက် သူ့ကို ပို၍ အားထုတ်ရပါသည်။ ထိုအခါတွင် စာတစ်ပုဒ်ကို ကိုယ့်အတွက် အရကျက် ဖို့အပြင် သူနားလည်အောင် ပြောဆိုသင်ပြရသည့်အတွက် ပုံမှန်စာကျက်ခြင်းထက် ငါးဆလောက် အားထုတ်ရလေသည်။ ကျွန်တော်က ဥပမာ ဥပမေယျမျိုးစုံဖြင့် သူ့ကို သင်ရသည့်အတွက် ထိုစာတစ်ပုဒ်မှာ ကျွန်တော့် အတွက်တော့ ဖွတ်ဖွတ်ညက်ညက်တင်မက ဒွတ်ဒွတ်ဒွက်ဒွက်ပါ ကြေလေသည်။

"နင်ကလည်းဟာ လက္ခဏာတူတာတွေကို မြှောက်ရင် အပေါင်းဟာ၊ မတူတာမြှောက်ရင် အနုတ်၊ ဒါလေးကို နင်သိထားရင် ဘယ်လို လုပ်မှားတော့မှာလဲ၊ ဒီမှာ + 3 နဲ့ + 9 ကိုပေါင်းရင် ...'

" + 12 "

"ကဲ ... ဟုတ်နေပြီပဲဟာ၊ + 7 နဲ့ + 4 ကို မြှောက်ရင် ... "

"အင်း ... ဟို ... + 1 + 21 "

" OK ... OK ... – 6 နဲ့ – 8 ကို ပေါင်းရင် ... "

ရင်ရင်အိပုံစံက တွေဝေသွားသည်။ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။

ပြီးတော့ ဘာလုပ်ရမှန်းမသိ။

mgyoe.com

mgyoe.com

"ဟို ... ( – )"

"ဘာ ..."

"မဟုတ်ဘူး (+)"

ကျွန်တော် စိတ်ဓာတ်ကျသွားသည်။ ကျွန်တော်က (–) ကို ဘာ ... ဟု အော်လိုက်တော့မှ (+) ဖြစ်သွားခြင်းဖြစ်သည် မဟုတ်လား။ လက္ခဏာနှစ်မျိုးတည်းရှိတာမို့ ဒါ ရမ်းသောအဖြေမှန်ဖြစ်ကြောင်း သိရသည်။

"နင့်ကို ငါ ပြောထားတယ်ဟာ၊ လက္ခဏာတူရင် (+)၊ မတူရင် (–) ဆိုတာ၊ ဒီမှာ အနုတ် အနုတ်ချင်း တူနေတော့ ..."

"အနုတ်"

ကျွန်တော် လဲသေချင်စိတ်သာ ပေါက်သွား၏။ စာသင်လျှင် ဒေါသနှင့် သင်၍မရကြောင်း ကျွန်တော်သိသဖြင့် ဒီနေ့ ထူပူအူပြီး ရှုးရှူး ကြောင်ကြောင် ရင်ရင်အိကို လမ်းကြောင်းပြောင်း၍ သင်ရသည်။ (+) နှင့် (–)ကိစ္စကို မသင်တော့။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ထို (+) နှင့် (–)ကို သူသိအောင် ဘယ်လိုလုပ်ရမလဲဆိုသည့်စိတ်က ကြီးစိုးနေခဲ့သည်။

ဆရာက ဘောမှာ တွက်ချက်ပေးရသည့်အခါ ကျွန်တော်ကမှန်ပြီး သူက ခဏလေးမှားတာနှင့် ကျွန်တော် ငါးချက် အတီးခံရတော့မည်။ နောက်ဆုံးမှာ (+)နှင့် အနုတ်အတွက် အကောင်းဆုံးဥပမာကို ရရှိသွား၏။ ကျွန်တော် အရမ်းပျော်သွားသည်။

"ကဲ ... နင့်ကို ငါ ဥပမာတစ်ခုပေးမယ်၊ သူငယ်ချင်းကို (+) ဆရာတွေရော အိမ်က အဖေ အမေတွေရောက ခွင့်မပြုတဲ့ သမီးရည်းစား ဆိုရင် (–) ဟုတ်ပြီလား၊ ရည်းစားထားရင် အကုန်ဒုက္ခရောက်တာပဲပေါ့၊ ဟုတ်လား"


mgyoe.com

mgyoe.com

"အေးပါ သိတယ်၊ ဘာတွေပြောမှန်းလဲ မသိဘူး"

"ခဏလေးပါဟာ၊ ကဲ ... ယောကျ်ားလေးတွေကို (+)လို့ သဘော ထားပြီး မိန်းကလေးတွေကို (–)လို့ သဘောထားရမယ်၊ ဟုတ်ပြီလား"

"အေး ... ငါသိပြီ"

"ဒီတော့ ကျားကျားချင်း (+) ရင်"

"(+) ပဲရမယ် သူငယ်ချင်း"

"မ,မချင်းပေါင်းရင်"

"(+) ပေါ့ဟ၊ သူငယ်ချင်းပဲလေ"

"ကျား (+) နဲ့ မ (–) တွေ့ပြီး ပေါင်းကြရင်"

"(–) ပေါ့၊ သမီးရည်းစား၊ ဒုက္ခရောက်ကြပြီ"

ကျွန်တော် ရင်ရင်အိလက်ကို အားရပါးရကိုင်ပြီး နှစ်ယောက်သား အားရပါးရ ရယ်ကြ၏။ ကျွန်တော့်ဘဝမှာ စာသင်ရတဲ့ အရသာကို ပထမ ဦးဆုံး အရှိန်အဟုန်ကြီးကြီးနဲ့ ခံစားလိုက်ရတာပဲ ဖြစ်သည်။ တပည့်ကောင်း ရှိတဲ့ ဆရာဟာ သိပ်ပျော်စရာကောင်းမှာပဲလို့လည်း တွေးလိုက်မိသည်။ ဆရာ၊ ဆရာမတွေကို တခြားအသုံးအဆောင်ပစ္စည်းတွေနဲ့ ကန်တော့တာက တစ်မျိုး၊ အဲဒီ ဆရာ၊ ဆရာမကိုယ်တိုင် တီထွင်ထားတဲ့ နည်းစနစ်တွေနဲ့ သင်ခန်းစာကို အခက်အခဲမရှိ ရယူပြီးတော့ ကျော်ဖြတ်နိုင်တာကတစ်မျိုး ဆိုတာကို ကျွန်တော် လုံးဝ သဘောပေါက်သွားခဲ့ပြီး အဲဒီနေ့ကစလို့ ဘယ်ဆရာမဆို စာသင်တဲ့အခါ ကိုယ်ပိုင်ဟန်ကလေးနဲ့ ဘယ်လိုသင်သလဲ ဆိုတာကို သတိထားပြီး အဲဒီဟန်ကို အရယူ၊ ကျွန်တော် ကြိုးစားခဲ့ပါ သည်။ ထိုနည်းနှင့် တပည့်တာဝန်ကျေရန် ကျွန်တော် ကြိုးစားခဲ့သည်။

ကျွန်တော်နှင့် ရင်ရင်အိတို့ (+) (–) ကိစ္စတွေ ပြီးသွားတဲ့ နောက်


mgyoe.com

mgyoe.com

ရက်တွေမှာ ကျန်တဲ့ဘာသာရပ်တွေပါ သင်လို့ကောင်းလာသည်ကို သတိထားမိလာ၏။ ရင်ရင်အိကလည်း တပည့်ကောင်း၏ အရသာကို ခံစားတတ်လာဟန်တူသည်။ တစ်နေ့တော့ ရင်ရင်အိက ကျွန်တော့်ကို စကားတစ်ခွန်းပြောသည်။

"ရဲဝင်း ... သီရိရဲ့ပါတနာ ယမင်းက ငါ့ကို စိန်ခေါ်နေတယ်၊ သူနဲ့ ငါနဲ့ ပြိုင်မယ်တဲ့"

"ဟင် ... ဘယ်လိုဖြစ်လို့ ပြိုင်ရမှာလဲ"

"ယမင်းနဲ့ ငါနဲ့ ပုစ္ဆာပြိုင်တွက်တော့ ငါက မြန်လည်းမြန်တယ်၊ မှန်လည်းမှန်နေတော့ သူက မကျေနပ်တာကစတာ၊ သူက သူ့ Guide ကို သွားခေါ်ပြီး ငါ့ကိုချတ်တော့ ငါက မြေပုံဆွဲပြီး စက်ရုံ (၂၈) ရုံကို နင့်ကဗျာအတိုင်း ထည့်ပြလိုက်တာပေါ့"

"အဲဒါတော့ နင်မှားတယ်၊ ယမင်းကို နင် ဘာမှသွားပြိုင်စရာမလိုဘူး၊ ငါ နင့်ကိုသင်ပေးတာ ဆရာပြောတဲ့အတိုင်း စာမေးပွဲမှာပြိုင်ဖို့"

"သူက လာစိန်ခေါ်တာကိုးဟာ၊ အခုလည်း သူတို့က နင်နဲ့ပြိုင်မလို့တဲ့"

"မပြိုင်ပါဘူး၊ ဘာဖြစ်လို့ ပြိုင်ရမှာလဲ"

"အဲဒါတော့ ငါလည်းမသိဘူးဟာ၊ သူက နင်နဲ့ပြိုင်မယ်တဲ့၊ သူရှုံးရင် သူ့ပါတနာ ယမင်းကို နင်နဲ့ထည့်လိုက်မယ်တဲ့"

"ဘာ ... ဘာ ... ဘယ်လို"

ကျွန်တော် တအံ့တသြ စကားဆုံးတော့ ရင်ရင်အိက ပြုံးလေသည်။ ပြီးတော့ ရင်ရင်အိက တည်ငြိမ်သော မျက်နှာထားနှင့် ကျွန်တော့်ကိုပြောသည်။


mgyoe.com

mgyoe.com

"ဒီလို ရဲဝင်းရာ၊ သူက တပည့် တပည့်ချင်း မပြိုင်ချင်ဘူး၊ ဆရာချင်း ပြိုင်ချင်တာတဲ့"

"ဆရာချင်း"

"အေး ... ငါကလည်း နင့်ဘက်က မခံချင်ဘူးပေါ့ဟာ၊ သီရိက နင့်လောက် မကျွမ်းဘူးဆိုတာ ငါသိတယ် ရဲဝင်း၊ ပြိုင်ရင် နင်ပဲနိုင်မှာ"

"ဟာ ... ဒါပြိုင်စရာပွဲမှ မဟုတ်တာ"

"အေး ... သူကတော့ မုန့်စားကျောင်းဆင်းချိန်မှာ နင်နဲ့ တွေ့ချင်တယ်တဲ့၊ ပထမတော့ စာနဲ့ရေးပြီး ချိန်းတာပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး၊ စာကိုရေးပြီးမှ ဆွဲဆုတ်ပစ်လိုက်ပြီး ငါ့ကိုပဲ နှုတ်နဲ့ပဲချိန်းလိုက်တာ၊ နင်သွားမယ် မဟုတ်လား ရဲဝင်း"

ကျွန်တော် တော်တော်လေး စဉ်းစားရသည်။ ကျွန်တော့်စိတ်ထဲမှာ အတန်းတူ အသက်တူချင်း ဆရာလုပ်ရတာကို အရသာတွေ့နေသလိုလို ရှိတာကိုတော့ ကျွန်တော် ဝန်ခံရမည် ဖြစ်ပါသည်။ ဒါပေမဲ့ ကျွန်တော်က သိပ်အတော်ကြီး မဟုတ်ဆိုတာကိုလည်း ကောင်းကောင်းနားလည်ထားသည်။ ဦးနှောက်က မှတ်ရခက်တာလေးတွေကို လွယ်အောင် ဘယ်လို မှတ်ရမလဲ ဆိုတာလောက်ကိုတော့ ဉာဏ်နီဉာဏ်နက်ကလေး ထုတ်ပြီး သုံးတတ်သည် ဆိုတာလောက်ပဲဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် သိပါသည်။

"ဆရာသိသွားရင် မကောင်းဘူးဟ၊ ပြီးတော့ ယောကျ်ားလေးနဲ့ မိန်းကလေး၊ ငါ မပြိုင်ချင်ဘူး"

"နင်ကလည်း ... အဲဒါဆို သီရိက နင့်ကို ကြောက်လို့ ထင်သွားမှာပေါ့"


mgyoe.com

mgyoe.com

အဲဒီအချိန်တုန်းက ထိုစကားသည် ကျောင်းသားတိုင်း ကြောက်ကြသော စကားဖြစ်သည်။ ကျောင်းသားများသည် သတ္တိရှိသည်ဆိုခြင်းကို ဆန့်ကျင်ဘက်ကျောင်းသူများ သိစေချင်ကြသည်။ ထို့ကြောင့် ကျောင်းရှေ့အုတ်ခုံမှာထိုင်ရင်း တစ်ဖက်နှင့်တစ်ဖက် ရန်ဆောင်ပြီး ရိုက်ကြနက်ကြသည်။ ရန်ဖြစ်ကြသည်။ စိန်ခေါ်ထိုးပွဲတွေ၊ အုပ်စုလိုက်ချိန်းပွဲတွေ တာစားကြသည်။

ကျောင်းသူများကလည်း ထိုကဲ့သို့ ဆိုးမိုက်နေသူ ကျောင်းသားများကိုမှ ချစ်ကြသော၊ ရည်းစားထားကြသောခေတ် ဖြစ်၏။ ရုပ်ရှင်ကားတွေကလည်း 'မိုက်တယ်ဆိုတာ လွယ်ပါတယ်'၊ 'စိန် သို့မဟုတ် စိမ်'၊ 'ဗန်ဒိုလူကလေးနဲ့ သူဇာ' စသည့်ကားတွေ အောင်မြင်ကြချိန်ဆိုတော့ ထိုအရှိန်တွေလည်း ပါမည်ထင်သည်။

ဒီတော့ ကျွန်တော်လည်း ငကြောက်ဆိုသော စကားကိုတော့ ဘာပဲဖြစ်ဖြစ် အခေါ်မခံနိုင်ပါ။

"ငါက ကြောက်လို့မှမဟုတ်တာ၊ သူက မိန်းကလေးမို့ မပြိုင်ဘူးပြောတာပဲ"

"အင်း ... အဲဒါလည်း ငကြောက်ပဲ၊ ပြိုင်လိုက်စမ်းပါဟာ"

"သူက ဘာပြိုင်မှာလဲ"

"စာပဲနေမှာပေါ့ဟ"

"ဘယ်စာကို ဘယ်လိုပြိုင်ကြမှာလဲ၊ ဘယ်စာဆိုတာကို ဘယ်သူကထုတ်ပေးမှာလဲ၊ ဒိုင်က ဘယ်သူလဲ၊ ဒီကိစ္စက လွယ်လွယ်ကလေးမှမဟုတ်တာ"

"အဲဒါကြောင့်မို့ သီရိက ချိန်းတာနေမှာပေါ့ဟ၊ နင်မသွားရင်တော့ ကြောင်နှစ်ကောင်စာအုပ်တိုက်

mgyoe.com

mgyoe.com

ငကြောက်ပဲ ရဲဝင်း”

“သွားမယ်ဟာ၊ သူက ဘယ်ကိုလာရမှာတဲ့လဲ”

“မုန့်စားဆင်းရင် ဆယ်တောင်ပြည့်ဘုရားဝင်းထဲကို လာခဲ့တဲ့”

သီရိဆိုသည့် ကောင်မလေးက ကျွန်တော်တို့ အတန်းထဲမှာ ကျွန်တော့်လိုပဲ ဘယ်နေရာမှာမှ ဘာသံမှမထွက်သော ကောင်မလေးတစ်ယောက်ဖြစ်သည်။ သူ့ကို ကျွန်တော် သိသည်ဆိုသည်ကလည်း သာမန်ကျောင်းသူတစ်ယောက်လို သိခဲ့ခြင်းမျိုးဖြစ်သည်။ သူနဲ့ ကျွန်တော် အပြိုင်အဆိုင်မရှိ၊ မုန်းတီးမှုမရှိ၊ ရင်းနှီးမှုလည်း မရှိခဲ့ပါ။

အခုမှ သူက ကျွန်တော့်ကို အရေးတယူ သဘောထားပြီး ပြိုင်တာတွေ ဘာတွေ လုပ်ချင်နေရသနည်း။ ကျွန်တော် စဉ်းစားသော်လည်း အဖြေမရပါ။

မုန့်စားမဆင်းခင် အတန်းထဲမှာ တွေ့ကြတော့လည်း အရင်က အတိုင်းပဲ ထူးခြားမှု ဘာမျှမရှိပါ။ ကြားထဲက ကျွန်တော့်တပည့် ရင်ရင်အိပဲ တမင်ချွန်တာလားဟု ကျွန်တော် ထင်လိုက်သေးသည်။ သို့သော် မုန့်စားကျောင်းဆင်းလို့ ကျွန်တော်က ဘာရယ်မဟုတ်၊ သူ့ကို စူးစိုက်ပြီးကြည့်တော့ သူက တစ်ချက် မဲ့ပြုံးကလေးပြုံးပြီး မျက်နှာကိုမော်၍ လွှဲထွက်သွားသည်ကို တွေ့ရသည်။

“သွားမယ်လေ ရဲဝင်း၊ သီရိက သွားနှင့်နေပြီ”

“နင့်ဟာက သူချိန်းတာ သေချာတယ်နော်”

“ဘာလဲ၊ နင်က ငါ့ကို မယုံလို့လား၊ ငါက နင့်ကို ဘာကိစ္စနဲ့ လိမ်ရမှာလဲ၊ ဒီလိုကိစ္စမျိုးကို”

“အေးပါဟာ ... ဟုတ်ရင် ပြီးရောပေါ့၊ သီရိကို ကြည့်ရတာက


mgyoe.com

mgyoe.com

ဘာမှမထူးဆန်းလို့ပါ”

ဆယ်တောင်ပြည့်ဘုရားဝင်းထဲကို ရောက်တော့ သီရိကို ယမင်းနှင့်အတူ ဒေးဗစ်ချန်း ဆီးထုပ်စားရင်း တွေ့ရသည်။ ကျွန်တော့်ကိုတွေ့တော့ ဘာသဘောလဲတော့ မသိ။ သီရိက ဆီးထုပ်ထဲမှ ဆီးစေ့ကို နှုတ်ခမ်းထိပ်တွင် စုထားပြီး အားနှင့်မှုတ်မှုတ်ပစ်လိုက်သဖြင့် ဆီးစေ့က ကျွန်တော့်ပခုံးပေါ်မှ ကျော်၍ ထွက်သွားသည်။ သူကတော့ မသိ။ ကျွန်တော်ကတော့ သီရိ နှုတ်ခမ်းကလေးစုထားသော အိုက်တင်ကို သဘောကျနေမိသည်။

“မဆိုးပါဘူး၊ သတ္တိတော့ ရှိသားပဲ”

“ငါက ဘာဖြစ်လို့ သတ္တိမရှိရမှာလဲ၊ ငါမသိတာက ဘာကြောင့် ဘာကိုပြိုင်ချင်တာလဲ ဆိုတာကို မသိတာ”

“မကျေနပ်လို့ပေါ့”

“ဘာကိုမကျေနပ်တာလဲ”

“ဆရာကြီးလုပ်လို့”

ကျွန်တော်က နှုတ်ခမ်းတွေကိုစုပြီး ကျွတ်ခနဲ အသံမြည်အောင် စုတ်လိုက်ပြီး ခေါင်းကို နောက်ဘက်လှန်ပစ်လိုက်၏။ အဲဒီစတိုင်လ်က အဲဒီအချိန်တုန်းက တော်တော်လေးကို ခေတ်စားသည်။ နောက်ပြီး ကျောပေးပြီး စကားပြောတဲ့စတိုင်လ်လည်း ခေတ်စားသေး၏။ အဲဒါက ကျော်ဟိန်း လုပ်တာတဲ့၊ အဲဒီလိုလုပ်ဖို့ စစ်အင်္ကျီကလည်း ဝတ်ရဦးမယ်တဲ့၊ ကျွန်တော်ကတော့ လုံချည် ခြေဖျားထွေးနဲ့ ခေါင်းမော့၊ နောက်လှန် ကျွတ်...စုတ်ရတဲ့ စတိုင်လ်ကိုပဲ ကြိုက်သဖြင့် ထိုစတိုင်လ်ကို အကွက်ဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အမြဲလုပ်တတ်သည်။


mgyoe.com

mgyoe.com

ကျွန်တော့်အိုက်တင်ဆုံးတော့ ဆယ်တောင်ပြည့်ဘုရား အုတ်ခုံတန်း ပေါ်မှာ တင်ပလ္လင်ထိုင်နေသော သီရိက ဖျတ်ခနဲ ခုန်ဆင်းသည်။

သို့သော် သီရိခုန်ဆင်းသော ခန္ဓာကိုယ်က သီရိဝတ်ထားသော စကတ်က နောက်ဘက်မှာ ဘာနှင့်ငြိနေသည်မသိ၊ သီရိကို ကုတ်ဆွဲထား သလိုဖြစ်ကာ ကျွန်တော့်မျက်နှာကို သူ့ခေါင်းနှင့် ပြေးဆောင့်သလို ဖြစ် အသွားမှာ ကျွန်တော်က အိုက်တင်ခံ၍ နောက်အလှန်နှင့် သွားကြုံသဖြင့် သီရိ အပေါ်ပိုင်း တစ်ပိုင်းလုံးက ကျွန်တော့်ရင်ထဲ ထိုးကျလာသည်။

ကျွန်တော်ကလည်း ထင်မှတ်မထားဘဲ သတိနှင့် တောင့်မထားနိုင် ဘဲ သီရိကိုဖက်ရင်း ပက်လက်လှန် လဲကျလေသည်။ စက္ကန့်နှစ်ဆယ်ခန့် လောကကြီး ဘာဖြစ်သွားမှန်း ကျွန်တော်မသိလိုက်၊ သတိဝင်တော့ သီရိ က ကျွန်တော့်အပေါ်မှာ ပိလျက်ကြီး ဖြစ်နေသည်။ ကျွန်တော့်နောက်စေ့ က ဆယ်တောင်ပြည့်ဘုရားအောက်ခြေ ပထမဆင့်နှင့် ရိုက်မိပြီး ပူလောင် နာကျင်လေသည်။

ကျွန်တော်တို့ အိမ်ကို ကိုယ်စီပြန်ကြရသည်။

'ရဲဝင်းကို သီရိက အုတ်ခဲနဲ့ ထုလို့တဲ့ကွ' ဟူသော မှတ်ချက်ကို ကျွန်တော် ပြန်မရှင်းတော့ပါ။ 'ထုမှာပေါ့၊ သီရိက စကတ်တောင် ပြနေ တဲ့ဟာကို' ဆိုသော စကားကိုသာ ချေပပါသည်။ ကျွန်တော့်မျက်စိထဲမှာ စကတ်အပြဲစကလေးကို ကိုင်ပြီး ပါးစပ်ထဲက သွေးတွေကို ထွေးထုတ်ရင်း ဝမ်းနည်း၍လား၊ နာကျင်ထိတ်လန့်သွားလို့လားမသိ ငိုနေသောကလေး လေးကို ပြန်မြင်ရင်း ချစ်နေရသည်။

ကံမကောင်း အကြောင်းမလှစွာပင် ထိုကိစ္စကို ဆရာဦးထွန်းဇော်က သိသွားခဲ့သည်။ ဆရာက ကျွန်တော်တို့နှစ်ယောက်ကို မတ်တတ်ရပ်ခိုင်း


mgyoe.com

mgyoe.com

ပြီး ဖြစ်ပုံအကျဉ်းကို မေးသည်။ သူ့စာမေးပွဲကိစ္စလည်း ပါနေသဖြင့် ဆရာက တော်တော်သဘောကျသည်ကို တစ်တန်းလုံးရှေ့တွင်မှာပါ ကျွန်တော်တို့ နှစ်ယောက်ကို ထုတ်ဖော်ချီးကျူးခဲ့သည်။

"အဲဒါ တရားသော ပြိုင်ဆိုင်ခြင်း၊ လှပသော ပြိုင်ဆိုင်ခြင်းလို့ ခေါ်တယ်ကွ၊ ကျောင်းသားဟာ စာမှာပြိုင်တာ ကျက်သရေအရှိဆုံးပဲ၊ ငါကတော့ မင်းတို့နှစ်ယောက်စလုံးကို ချီးကျူးတယ်၊ ရဲဝင်း ခေါင်းပေါက်တာနဲ့ သီရိ စကတ်ပြဲ နူတ်ခမ်းပေါက်တာကတော့ မတော်တဆဖြစ်တာပါ၊ ဆရာဆိုတာက ကျောင်းသားကို နားလည်ပေးရမယ်ကွ၊ ဒါပေမဲ့ ကျောင်းဝင်းထဲမှာမနေဘဲ ဘုရားဝင်းထဲသွားတာကတော့ အပြစ်ရှိတယ်၊ ဒီတော့ မင်းတို့ကို နှစ်ချက်စီရိုက်မယ်ကွာ"

ဘာကြောင့်မှန်းတော့ မသိ။ ဆရာရိုက်တာကို ခံရတာ မနာဟု ကျွန်တော် ထင်သည်။ ကျွန်တော်တို့တွင်ရှိသော ရိုက်သင့်သည့် အပြစ်ဒဏ်ကို သေသေချာချာ သိလိုက်ရလို့ပဲလား၊ ရိုက်တဲ့ဆရာကိုက ပျော်ပျော်ရွှင်ရွှင်ကြီးနဲ့ ရိုက်လို့လားတော့ ကျွန်တော် မသိပါ။

သီရိကို မေးကြည့်တော့လည်း 'အေးဟ ... အဲဒီနေ့က ငါလည်း မနာဘူး' ဟု ပြန်ဖြေခဲ့သည်။ ရိုက်ပြီးသွားသော်လည်း ဆရာက ကျွန်တော်တို့ ကိစ္စကို ပြီးသွားပြီဟု သဘောမထားခဲ့။

"ကိုင်း ... မင်းတို့ ပြိုင်ကြမယ်ဆိုရင်တော့ မေးခွန်းလိုတယ်၊ စစ်ပေးမယ့် လူလိုတယ်၊ ဒဏ်တပ်မယ့်လူလည်း လိုတယ်မဟုတ်လား၊ အေး ... အဲဒီနေရာကို ငါ ကျေကျေနပ်နပ်ကြီး သဘောတူတယ်ကွာ၊ ကဲ ... ဘယ့်နှယ်လဲ"

ကျွန်တော်တို့က မကျေနပ်ဘူးလို့ သွားလုပ်ရမှာလား၊ ဒီတော့


mgyoe.com

mgyoe.com

ဆရာက ကျွန်တော်တို့ ဖြေရမယ့် ဘာသာရပ်ကို မြန်မာစာ၊ အင်္ဂလိပ်၊ သင်္ချာနဲ့ အထွေထွေဗဟုသုတဆိုပြီး ခွဲသည်။ အဲဒီအထွေထွေ ဗဟုသုတ ထဲမှာ ပထဝီတို့၊ သမိုင်းတို့၊ ဖိဆစ်တို့ကို ရောမွှေပြီး ထုတ်ထားသည်။ ကျွန်တော်ကလည်း ပထမအစမ်းစာမေးပွဲအတွက် ပြင်ဆင်ထားတာဆို တော့ တော်တော်များများကို အလွတ်နီးပါးကို ရနေခဲ့သည့်အတွက် စာပြန် နွေးရုံ စာပြန်လှေ့ကျင့်သလို ဖြစ်နေသဖြင့် ကျွန်တော်တို့အတွက် အလွန် အဆင်ပြေခဲ့ပါသည်။

ဆရာက ကျွန်တော်တို့ ပြိုင်ပွဲအတွက် နိုင်သူကို Youth ဖောင်တိန် တစ်ချောင်း၊ စာအုပ်တစ်ဒါဇင်နှင့် ကွန်ပါဘူး အသစ်တစ်ဘူး ဆုချမည် ဖြစ်ပြီး ဒဏ်တပ်သည့်အနေဖြင့် ရှုံးသူက နိုင်သူ၏ တပည့်လုပ်ရမည် ဖြစ်သည်။

ကျွန်တော် စာတစ်ပုဒ်ကျက်ပြီးတိုင်း သီရိရော ကျက်၍ရရဲ့လား ဆိုတာကို စိတ်ပူနေခဲ့သည်။ ကျွန်တော် နေ့တိုင်း သီရိကို ငေးမိနေသဖြင့် သီရိမျက်နှာက ကျွန်တော့်မျက်စိထဲမှာ စွဲနေခဲ့သည်။

စာမေးပွဲဖြေရန် လေးရက်အလိုမှာ ကျွန်တော် သီရိကို ချစ်နေပြီ ဆိုတာကို စာဖြင့် အသိပေးလိုက်သည်။ သို့သော် သီရိထံမှ ဘာတုန့်ပြန် မှုမှ မရခဲ့။ ဒုတိယ၊ တတိယတစ်စောင်တွင်မတော့ ကျွန်တော်က ပြိုင်ပွဲ မှာ ကျွန်တော့်ဘက်က အရှုံးခံမည်ဖြစ်ကြောင်း ထည့်ရေးတော့မှ သီရိက အရှုံးခံစရာမလိုကြောင်း၊ ကျွန်တော်က တော်ပြီးသားဖြစ်ကြောင်းကိုသာ ရေးသည်။ ကျွန်တော် ခွင့်ပြုချက်အကြောင်းကို ဘာတစ်ခုမှမပြောခဲ့။

နောက်ဆုံး တစ်စောင်ကိုတော့ စာမေးပွဲမဖြေခင် တစ်ရက်မှာ ပေး ခဲ့သည်။ သီရိကလည်း ချက်ချင်းပင် စာမေးပွဲဖြေမည့်နေ့မှာ စာပြန်လာ


mgyoe.com

mgyoe.com

သည်။ မုန်းတယ်တဲ့။ ကျွန်တော့်ရင်တွေ ပူကုန်သည်။ ဒီနေရာတစ်ခုတည်းကို ကျွန်တော်လုနေတာ မဟုတ်ကြောင်းကိုလည်း ရှင်းပြသည်။ ကျွန်တော် သီရိကို အရှုံးပေးမယ် စိတ်ကူးတာကလည်း သီရိကို စည်းရုံးတာမဟုတ်ဘဲ အနိုင်သက်သက် ရစေချင်တာဖြစ်ကြောင်းတွေကို ပြန်ရေးထည့်လိုက်သည်။ သို့သော် သီရိထံမှ စာပြန်မလာတော့ဘဲ စာမေးပွဲခန်းထဲသို့ ကျွန်တော် ဝင်ခဲ့ရသည်။

သီရိသည် ကျွန်တော် တရားဝင်ရည်းစားစာ ပထမဆုံးပေးခဲ့သော ရည်းစားဦး ဖြစ်ပါသည်။ သီရိမတိုင်ခင်က ဟိုလူ့ကို ကြိုက်သလိုလို၊ ဒီလူ့ကို ချစ်သလိုလိုတော့ ရှိခဲ့ဖူးသည်။ သို့သော် တရားဝင်အဆင့်သို့ ရောက်မလာ။ သီရိကိုတော့ တကယ်ချစ်ပြီး စာရေးတဲ့အဆင့်၊ ပေးတဲ့အဆင့်၊ ယစ်မူးရင်ခုန်သည့်အဆင့် စသော ရည်းစားဦးအဆင့်တွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်သန်းသွားခဲ့ရတာ အမှန်ပဲဖြစ်သည်။

ဥပမာ–သီရိကို စာစပေးခဲ့သောနေ့၏ ဆောင်းမနက်ခင်းကလေးသည် ကျွန်တော့်အတွက် အရမ်းကို ထူးခြားပြီး သိပ်သည်းကျစ်လျစ်သော ခံစားမှုကလေးနှင့် ယခုတိုင်ရှိနေသည်။ ထိုမနက်ခင်းကလေး၏ မွှေးရနံ့သည် ကျွန်တော့်တွင်ရှိနေပြီး ထိုမွှေးရနံ့မှာ ဘယ်လိုဘယ်ပုံ ရနံ့ဆိုတာ ဥပမာထားရေးစရာ အရာဝတ္ထုပစ္စည်း ကျွန်တော်ရှာမတွေ့၊ ကမ္ဘာလောကတွင်လည်း မရှိပါ။

ထို့ကြောင့် ကျွန်တော်သည် သီရိကို လုံးဝ အရှုံးပေးချင်နေသည်။ ချစ်သူက အနိုင်ရပြီး ချစ်သူ့အနားမှာ ချစ်သူသင်တာကို နာခံချင်သည်။ ချစ်သူ ငါးချက်အရိုက်မခံရအောင် ကာကွယ်ပေးချင်ပါသည်။ ချစ်သူ သင်သမျှနှင့် ကျွန်တော် အတန်းတင်စာမေးပွဲကြီးကို အောင်မြင်အောင်


mgyoe.com

mgyoe.com

ဖြေလိုက်မည်။ ထိုစာမေးပွဲကြီးသည် ချစ်သူနှင့် ကျွန်တော့်အတွက် အမှတ်တရ စာမေးပွဲကြီးကို ဖြစ်ရမည်။ ကျွန်တော့်တွင် တခြားအခြေအမြစ် မရှိလှသော စိတ်ကူးတွေလည်း သီရိနှင့်ပတ်သက်၍ ရှိနေသေးသည်။

အခုတော့ သီရိက ကျွန်တော့်ကို 'မုန်းတယ်' လို့ ပြန်ရေးလိုက်ပြီ။ ကျွန်တော့်မှာ တိုင်းပြည်ပျက်သလို ခံစားလိုက်ရသည်။ ဘာကြောင့်မုန်းမသိ ငိုချင်နေသည်။ ဘာကြောင့်မုန်းမသိ ကျွန်တော့်ကို 'မုန်းသည်' ဟု ပြောသော ရေးလိုက်သော သီရိကိုလည်း ချက်ချင်းပင် မုန်းပစ်လိုက်သည်။

ရည်းစားဦးတွေ ဘာဖြစ်လို့ မခိုင်မြဲကြသလဲဆိုသည့် အချက်မှာ ရည်းစားဦးမို့ ခံစားချက်တွေအားလုံးက အရိုင်းဆန်နေကြတာ အမှန်ပဲ ဖြစ်သည်။ အချစ်ကလည်း အသစ်၊ သံယောဇဉ်၊ စိတ်ကူး၊ တွယ်တာမှု၊ မြတ်နိုးမှု၊ ရင်ခုန်သံ၊ သတိရစိတ်၊ တမ်းတစိတ်၊ အလွမ်း စသည့် ခံစားမှုအားလုံးက အသစ်ကျပ်ချွတ်တွေမို့ ဘယ်သူမှ နိုင်နင်းအောင် မထိန်းတတ်ချေ။ ထို့ကြောင့် ရည်းစားဦးများသည် ပထမဦးဆုံး အသစ်များ၏ ရန့်ဖြင့် ဆုံးရှုံးခဲ့ရတတ်သောကြောင့် ရည်းစားဦးများကို မမေ့တတ်နိုင်ခြင်း ဖြစ်လေသည်။

ယခု သီရိကတော့ အချစ်ဦးသာဖြစ်သည်။

ကျွန်တော့်ကို ပြန်မချစ်သော ပထမဦးဆုံး 'မချစ်ဦး' လည်း ဖြစ်ပါသည်။ စာမေးပွဲဖြေသည့်နေ့တွင် ကျွန်တော်သည် တစ်စုံတစ်ရာမာနနှင့် ဒေါသအပြည့် ဖြစ်နေခဲ့သည်။ ဆရာဦးထွန်းဇော်တင်မက တစ်တန်းလုံးက စိတ်ဝင်စားကြသော ကျွန်တော်တို့နှစ်ယောက်၏ စာမေးပွဲကို အတန်းထဲမှာ ဖြေကြသည်။

ကျွန်တော် သီရိကို ကြိုက်နေတာကို တစ်တန်းလုံးက သိထားကြ


mgyoe.com

mgyoe.com

သည်။ ဒီတော့ ကျွန်တော်က အရှုံးပေးလိမ့်မည်ဟု အသံထွက်နေသော ကြောင့် ဆရာဦးထွန်းဇော်ကိုယ်တိုင် အားလျော့နေသည်ဆိုတာ သိရ၏။

သို့သော် စာမေးပွဲမဖြေခင် ကျွန်တော်က သီရိအတွက် ရည်စူးဝယ်ထားခဲ့သော BIG ဘောပင်၊ ချွန်ထားပေးပြီးသား ခဲတံ၊ ပေတံ၊ ခဲဖျက်နှင့် ကျွန်တော် ပြန်ရခဲ့သော မုန်းတယ်ဆိုသောစာကို ရခဲ့ခြင်းဖြစ်သည်။ ရှင်းခွင့်၊ ငြင်းခွင့် အချိန်မရှိတော့ဘဲ ကျွန်တော် စာမေးပွဲခန်းထဲသို့ ဝင်ခဲ့ရသည်။ သီရိက ဒီလိုဖြစ်အောင် တမင်လုပ်တာဟု ကျွန်တော် သိပါသည်။

သီရိသည် ကျွန်တော့်ကို မဲ့ပြုံးကလေး ပြုံးလိုက်၊ ဖြေလိုက်နှင့် လုပ်နေသေးသည်။ ပထမ ဆယ့်ငါးမိနစ်လောက် ကျွန်တော် ဘာမှမဖြေနိုင်သေးပါ။ ဘာက စရေးရမည်ဆိုတာကိုပင် မရေးတတ်ဖြစ်နေခဲ့သည်။

နောက်တော့ ပူကျွမ်းသည့်ဒေါသနှင့် မခံချင်စိတ်၊ နာကြည်းစိတ်၊ ဝမ်းနည်းစိတ်တို့က ကျွန်တော့်ကို ခဏရူးသွားစေခဲ့သည်။ ကျွန်တော်သည် ရှေ့မှာရှိနေသည့် မေးခွန်းထဲက စာတွေကို ရန်သူတစ်ယောက်လို သဘောထားပြီး အကုန်ရေးချပစ်လိုက်သည်။

ဆရာသည်ပင်လျှင် ကျွန်တော့်ကို အံ့အားတွေသင့်နေသည်။ သီရိကတော့ နားမလည်နိုင် ဖြစ်နေပုံရသည်။ ရင်ရင်အိက ခုန်နေ၏။ ပျော်လွန်းလို့ဟု ဆိုသည်။ သီရိကတော့ ကျွန်တော့်ကိုကြည့်ပြီး စာမေးပွဲကို အထိတ်တလန့် ဖြေလိုက်သေးသည်။ သို့သော် သီရိ နောက်ကျသွားလေသည်။

ကျွန်တော်က အမှတ်အပြတ်အသတ်ဖြင့် သီရိကို အနိုင်ရရှိသည်။ သို့သော် ကျွန်တော်ကား ပျော်စရာ ဘာမျှမရှိ။

"နင် ငါ့ကို တမင်တကာလုပ်တာ မဟုတ်လား ရဲဝင်း"


mgyoe.com

mgyoe.com

"နင်က မုန်းတယ်ဆို"

"ငါက နင့်ကို စာမေးပွဲမဖြေခင် စတာလေ၊ ဒါကို နင်က လုံးဝ သည်းညည်းမခံဘူးပေါ့၊ နင် အရှုံးပေးမယ်ဆိုတော့ ငါက ဘာစာမှ သိပ် မကျက်ထားဘူးပေါ့၊ အမှန်ဆို ငါ နင့်ကိုနိုင်တယ်"

ထိုစဉ်က ဘယ်လောက်ရိုးသည့် ခေါ်ယူချိန်းတွေ့ ပြဿနာရှင်းနည်း ဖြစ်ပါသနည်း။ 'ငါကစတာကို နင်ကတကယ်ထင်ပြီး နိုင်အောင်ဖြေတယ် ဆိုတော့ နင် ငါ့ကို ဖြူဖြူစင်စင်ချစ်တာတို့၊ မြတ်နိုးတာတို့က ဘယ်မှာလဲ၊ အဲဒါတွေကို သိရအောင် ငါ တမင်စမ်းတာ' စသည့် အခြေအနေကို အမိ အရ အသုံးချသော ဉာဏ်ကစား စကားလုံးများ မပါရှိခဲ့။

"ငါ နင့်တပည့် လုံးဝ မလုပ်နိုင်ဘူး"

"ဒါကတော့ ဆရာ့ကိုပြောလေ"

"ပြောဖို့မလိုပါဘူး၊ နင်နဲ့ ငါ နှစ်ယောက်တည်းသိတဲ့ ပြိုင်ပွဲတစ်ခု လုပ်မယ်၊ အဲဒီပွဲမှာ ငါ နင့်ကိုနိုင်ရင် ငါ နင့်တပည့် မဟုတ်ဘူးဆိုတာ လက်ခံလိုက်ပေါ့"

"ဘာပြိုင်ရဦးမှာလဲ"

"ကြက်ဖခွပ်"

"ဘာ ..."

* * *

ထို့ကြောင့် ကျွန်တော်သည် အခု ချစ်သူဦး မဖြစ်လိုက်ရသော ရည်းစားဦးကလေးနှင့် ကျောင်းအနောက်ဘက် ခုံပျက်ကြီးတွေထားသည့် စတိုခန်းရှေ့တွင်ရှိသော ကော်ရစ်တာတွင် ရောက်နေခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

ကျွန်တော်သည် ယောကျ်ားလေးဖြစ်သည့်တိုင် ဘာကြောင့် ဒိကြက်ဖ ခွပ်ပြိုင်ပွဲကို သဘောတူလိုက်ရသနည်း။

အဖြေကို နတ်ကောင်းနတ်မြတ်များနှင့် ပရိသတ် သိပါလိမ့်မည်။

ပြိုင်ပွဲစတော့ သီရိက သူ့စကတ်စကလေးကို ပေါင်နှင့်ခါးကြားတွင် ညှပ်၍ သေသေချာချာ ထည့်ပါသည်။ ထိုအချိန်တွင် ကျွန်တော်က သူ့ ပေါင်ရင်းတွင် အမာရွတ်ကြီးတစ်ခု တွေ့လိုက်ရ၏။ အမာရွတ်နေရာသည် အခြားအသားအရေများနှင့် မတူဘဲ အုန်းသီးပေါင်မုန့်၊ ပဲပေါင်မုန့်တို့ထဲမှ ပဲပေါင်မုန့်ထဲတွင် တွေ့ရလေ့ရှိသော ပဲယိုလိုအရောင်မျိုး ဖြစ်ပါသည်။

"နင့်ဒဏ်ရာက ဘာဖြစ်တာလဲ"

"ရေနွေးပူလောင်တာ၊ ဘာဖြစ်လို့ ကြည့်နေတာလဲ"

"ငါ ကြက်ဖမခွပ်ချင်ဘူး၊ ငါ နင့်ကိုချစ်တယ်"

"အပိုတွေပြောမနေနဲ့တော့၊ ကဲ ... တစ် ... နှစ် ... သုံး"

ပွဲစပြီး နှစ်မိနစ်အတွင်း ကျောင်းနောက် store ခန်းထဲသို့ ကျောင်းသားကျောင်းသူများ တဖွဲဖွဲ ရောက်လာကြသည်။

ယောကျ်ားလေးတန်မဲ့ မိန်းမကြီးတစ်ယောက်လို ကြက်ဖခွပ်နေရသော ကျွန်တော့်ကိုယ်ကျွန်တော် ကားအောက်သို့ ထိုးထည့်ထားလိုက်ချင်နေသည်။

တွေ့သမျှလူအားလုံးက ကျွန်တော့်ကို လှောင်ကြသည်။

"ဒါက ဘာဖြစ်တာလဲ"

"တော်ပြီ၊ ငါ အရှုံးပေးလိုက်ပြီ၊ ငါ မရဘူး"

"နင် အကျင့်မယုတ်နဲ့၊ ပြီးတဲ့အထိ ခွပ်ရမှာ"

"အဲဒါ ငါမသိဘူး၊ ငါသိတာ ငါရှုံးပြီ"


mgyoe.com

mgyoe.com

ကျွန်တော့်ကို ပယ်ပယ်နယ်နယ် ခုခံခွင့်မရှိ လှောင်ပြောင်နေကြသည့် လူတွေကြားထဲက ကျွန်တော် ဖြတ်ထွက်လာခဲ့သည်။ ရင်ထဲမှာလည်း ရှက်လိုက်သည့်ဖြစ်ခြင်း။ ဒီ 'ကြက်ဖခွပ်ခြင်း' ကို သဘောတူတာကစပြီး ကျွန်တော် မှားခဲ့သည်။ ထို့ကြောင့် ကျွန်တော့်ကို 'ကြက်ဖ' ဟု ချစ်စနိုးခေါ်ကြသည်။

ထို့ကြောင့် ကျွန်တော့်ကျောင်း နာမည်အရင်းမှာ 'ကြက်ဖ' ဖြစ်သွားသည်။ နောင်ကျတော့ လူတွေက ကျွန်တော့်ကို 'ကြက်ဖ' ဟု မခေါ်ကြတော့။ ဘာကြောင့်မှန်း ကျွန်တော်လည်း မသိတော့။ သီရိကတော့ (၁၀)တန်းနှစ်ရောက်တော့ နှစ်ဝက်လောက်သာတက်ပြီး ကျောင်းပြောင်းသွားခဲ့သော်လည်း ကျွန်တော့်ကို နာမည်ကလေးတစ်ခုတော့ ပေးသွားခဲ့ပါသည်။

အခု ကလေးတွေ 'ကြက်ဖ' ခွပ်တာကို မြင်တိုင်း လွမ်းရ၏။ တော်တော် ကိုးရိုးကားရားနိုင်သော အစီအစဉ်ဖြစ်သည်။ အခု Rapper လောကမှာ နာမည်ကြီး Hip-Hop အဆိုတော်တစ်ယောက်၏ နာမည်က 'ကြက်ဖ' ဟု ဆိုသည်။

သူကတော့ ဘယ်လို 'ကြက်ဖ' လဲ ကျွန်တော်မသိ။

ကျွန်တော်ကတော့ ရည်းစားဦးကပေးခဲ့သော ရှုံးခဲ့သည့် ကြက်ဖတစ်ကောင်သာ ဖြစ်ပါသည်။


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကောင်းလိုက်တဲ့ အောင်သွယ်




mgyoe.com



mgyoe.com

mgyoe.com

## ကောင်းလိုက်တဲ့ ... အောင်သွယ်

ဒီနှစ် ကျောင်းပိတ်တော့ မနှစ်က မပြန်ဖြစ်သော ရွာကိုပြန်ဖို့ကိစ္စကို ထွန်းကျော် အသေအချာ စဉ်းစားနေမိသည်။

ထွန်းကျော် စဉ်းစားရတာက ဇာတိချက်ကြွေ မွေးရပ်မြေသည် ရန်ကုန်မြို့မှဆိုလျှင် အလွန်ဝေးသည့်အပြင် ခေါင်လည်းခေါင်လှသော ရွာကလေးဖြစ်သည်။ သူ့မွေးရပ်မြေ 'ပင်လှဒေါ' ရွာကလေးမှာ စစ်ကိုင်းတိုင်း အစွန်အဖျားမှာ ဖြစ်သည်။ ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ ကျွန်းလှ၊ ကျွန်းလှမှ ချပ်သင်း၊ ချပ်သင်းမှ သူ့ရွာ 'ပင်လှဒေါ' သို့ ရောက်ရန် လှည်းစီးပြီးနောက်ဆုံး လမ်းမှာ လှည်းလမ်းပင် မပေါက်သောကြောင့် လမ်းလျှောက်ယူရလေသည်။ ထို့ကြောင့် ကျွန်းလှမှနေ၍ ချပ်သင်းရောက်လျှင် လမ်းအတူလျှောက်ဖော်ရအောင် တစ်ရက်၊ နှစ်ရက် စောင့်ရတတ်သည်။

mgyoe.com

mgyoe.com

ဒီလို နေရပ်ဝေးသည့်အတွက် အိမ်ကမိဘများက ကျောင်းပိတ်ရက်ကို မပြန်ဖို့ တားတတ်ကြသည်။ ပညာတော်သည့်လူသည် နယ်မရွေးဆိုတာ ထွန်းကျော်အတွက် ထားတာပဲဖြစ်ရမည်။ ဒီလောက် ခေါင်လှသည့် ရွာက 'ဒီ' သုံးလုံးပါပြီး ရန်ကုန်စက်မှုတက္ကသိုလ် (RIT) မှာ ကျောင်းတက်ရတာ ချပ်သင်း၊ ကျွန်းလှအထိ ထွန်းကျော်တစ်ယောက်တည်းသာ ရှိသည်။ ထို့ကြောင့် ထွန်းကျော်တို့အိမ်ကလည်း ထွန်းကျော်ကို ရန်ကုန်မှာ အချိန်ကြာကြာ နေစေချင်ကြသည်။ (အင်္ဂလန်မှာ ကြာကြာနေရင် စာပိုတတ်တယ် ထင်ကြသလိုမျိုး ဖြစ်သည်။)

ဒီအတွက် ထွန်းကျော် ရွာကိုပြန်မလာတာကို ပိုသဘောကျကြသည်။ မနှစ်က ထွန်းကျော်တို့ အိမ်ကိုမပြန်ဘဲ Computer သင်တန်းတက်သည်။ အိမ်က ကျေနပ်လို့မဆုံး။ ဒီအကြောင်းကို တစ်ရွာလုံးက သိရအောင် ထွန်းကျော်အဖေက ရွာဦးကျောင်းဆရာတော်ကို လျှောက်တော့ ဆရာတော်ကလည်း ဂုဏ်ယူလို့မဆုံး၊ ပြောလို့မဆုံးပေါ့။

'ရွာမှာကတည်းက အားရင် စာအုပ်နဲ့မျက်နှာ မခွာတဲ့ကောင်' ဟု ဆရာတော်ဘုရားက ဝမ်းသာကျေနပ်ညည်းကလေး ညည်းရင်းနဲ့ ပြောတတ်တာခံရတဲ့ ထွန်းကျော်ဖြစ်သည်။ ထွန်းကျော်ကတော့ သူ့ကိုယ်သူ သိပ်အထင်ကြီးတတ်သူ မဟုတ်ပါ။ 'ရွာက ခေါင်လွန်းတော့ ဘာမှလုပ်စရာမရှိလို့ အားရင် စာပဲဖြစ်နေရတာပေါ့' ဟု သူငယ်ချင်းတွေကို မျက်နှာ ရိုးရိုးကြီးနှင့် ရှင်းပြတတ်လေ့ရှိသည်။

ဒီနှစ်တော့ ထွန်းကျော်ကို ရွာကိုပြန်လာဖို့ အိမ်ကစာရေးသည်။ ရေးတာမှ သုံးစောင်တောင်ရှိသည်။ ပြီးတော့ တစ်ယောက်တည်းသော ရွာကရည်းစား မမြဝင်းကလည်း ဒီနှစ် ရွာကိုပြန်လာဖို့ရေးတာ ငါးစောင် ကြောင်နှစ်ကောင်စာအုပ်တိုက်

mgyoe.com

mgyoe.com

ရှိနေသည်။ ရည်းစားဆိုတော့ လွမ်းလို့ပူဆာတယ်ဆိုရင်လည်း တစ်မျိုးစီ ပူဆာဖို့ကောင်းသည်ဟု ထွန်းကျော်ထင်သည်။ အခုတော့ မမြဝင်း ပူဆာပုံက တစ်စောင်နှင့်တစ်စောင် ရေးထားသော စာသားတွေက ငါးစောင်စလုံး တူနေသည်။

မမြဝင်းက ထွန်းကျော်ကို တစ်ခါတည်း တအားလွမ်းပြီး တအားသတိရလို့ စာငါးစောင် တစ်ပြိုင်တည်း ရေးပြီးတော့မှ ရက်ခြားပြီးပို့တာဟု အဆောင်နေသူငယ်ချင်းတွေက အထူးအဆန်းမို့ နောက်ကြသည်။ ထွန်းကျော်နာမည်ကိုလည်း Nick Name အဖြစ် ငါးစောင်ဟု ခေါ်ကြသည်။ ထွန်းကျော်အဖေ စာကတော့ ဒီ့အပြင် အကြောင်းတရားတွေ ကွဲသည်။ ရွာကိုပြန်လာဖို့ မှာတာတော့ စာလုံးအသုံးအနှုန်းက အတူတူပင်ဖြစ်၏။

"ငါတို့စိတ်ထင်တော့ မင်းကောင်မလေးနဲ့ကိစ္စ သိကုန်ကြပြီနဲ့တူတယ်ကွ၊ ဒါကြောင့် နှစ်ဖက်စလုံး အတင်းမှာနေကြတာ နေမှာပေါ့"

"မဟုတ်သေးဘူးကွ၊ မမြဝင်းနဲ့ ကြိုက်တာကို အဖေနဲ့အမေ သိတာပဲ၊ မမြဝင်း အဖေနဲ့ အမေကလည်း သိနေတာပဲ"

"တရားဝင်မပြောရသေးဘူး မဟုတ်လား"

"ဒီလိုပဲ ပြောနေကြတာပဲ"

"မင်းမသိတဲ့ ပြဿနာတစ်ခုခု တက်နေတာနေမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ မင်းပြန်သင့်တာ အမှန်ပဲ၊ ငါတို့ကတော့ စားရတော့မယ်ထင်တာပဲဟေ့"

သူငယ်ချင်းတွေ ထင်သလို မဟုတ်ဘူးဆိုတာကိုတော့ ထွန်းကျော်က ကောင်းကောင်းသိတယ်။ ကိုယ့်ရွာက ကိုယ့်လူတွေ အကြောင်းပဲ

mgyoe.com

မသိဘဲနေပါ့မလား။ နှစ်ဖက်စလုံးက ဒီလိုပြဿနာမျိုး မရှိဘူးဆိုတာ သေချာသည်မို့ တွေးမရဖြစ်ပြီး ပဟေဠိလေးနဲ့ ထွန်းကျော် အိမ်ကိုပြန်လာခဲ့သည်။

အိမ်ကိုရောက်တော့လည်း သာမန်ပျော်ကြ ဝမ်းသာကြတာမျိုးပဲ ဖြစ်နေသည်။ အဖေနဲ့ အမေကလည်း ဘာမျှမထူးခြား။ နောက်တစ်နေ့ ညနေမှာ ထွန်းကျော်က –

"အဖေ ... ကျွန်တော် မမြဝင်းတို့အိမ်ဘက် လက်ဆောင်လေးတွေ သွားပေးလိုက်ဦးမယ်"

"အေး ... သွားလေကွာ၊ မနေ့ကတည်းက သွားဖို့ကောင်းတာပေါ့ကွ"

ဟု အဖေဆိုတော့ ထွန်းကျော် အေးအေးဆေးဆေးပင် မမြဝင်းထံသို့ ထွက်လာခဲ့သည်။ မမြဝင်းနှင့် တွေ့ရင်တော့ မေးမည်ဟု စိတ်ကူးထားလိုက်၏။

သူချစ်ရသော မြထံသို့ရောက်တော့ မြက ရွာတောင်ဘက် ကြာကန်လေးဆီ သွားရအောင်ဆိုသဖြင့် ထွက်ခဲ့ရသည်။ သူ သုံးနှစ်ခန့်ခွဲခဲ့ရသော ရွာသည် ဒီလမ်း၊ ဒီအိမ်၊ ဒီတံတား၊ ဒီသစ်ပင်နှင့်ပင် ဖြစ်သည်။ ဘာမျှ ပြောင်းလဲခြင်းမရှိ၊ ပြောင်းလဲလာတာတစ်ခုက သူ့ချစ်သူ မမြဝင်းလေးနှင့် သူ ရွာလယ်လမ်းမှာ ဒီလိုတွဲလျှောက်ခွင့် ရခြင်းသာဖြစ်သည်။ အရင်တုန်းက သူ ဒီအခွင့်အရေးကို မရခဲ့။ ရန်ကုန်မြို့မှာ ကျောင်းတက်နေသည့် အင်ဂျင်နီယာကျောင်းသားဆိုသော ဂုဏ်ပုဒ်ကြောင့် အခုလို အခွင့်အရေး ရခဲ့သည်ဆိုလျှင် မမှားဆိုတာကို သူသိသည်။ ပညာ၏ တန်ဖိုးသည် တန်ခိုးကြီးသည်ဟု ဆိုရမလို ဖြစ်နေသည်။


mgyoe.com

mgyoe.com

"မြလေးက ကိုယ့်ကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲဟင်၊ ပြီးတော့ မြလေးရေးတဲ့ စာတွေကလည်း တစ်စောင်နဲ့တစ်စောင် အတူတူတွေချည်းပဲ"

"ကိုပုကျော် မြို့တက်တုန်းက စာတိုက်ကနေ ထည့်ပို့ပေးလိုက်ရတာလေ၊ တစ်စောင် နှစ်စောင်နဲ့ မရောက်မှာ မပို့မှာစိုးတာနဲ့ တစ်ခါတည်း လေးငါးစောင် ရေးပေးလိုက်တာ"

ထွန်းကျော် သက်ပြင်းကိုသာ ချရသည်။ သူ့ရည်းစား မြလေးကို ဘာမျှပြောမနေတော့။ သူတို့ရွာမှာ စာတိုက်မရှိတာရော သူတို့ရွာကလူတွေ စာရေးလေ့ရေးထ မရှိတာရော သူသိပြီးသားမို့ ဖြစ်သည်။

စာထည့်တာကိုပင် တစ်ပုံစံတည်း လေးငါးစောင်ရေးပို့မှ စာတိုက်က အားနာပြီး ပို့ပေးမှာဟု သူ့ချစ်သူ မြလေးက ထင်နေလိုက်သေး၏။ ဒါပေမဲ့ ထွန်းကျော် မြလေးကို အချစ်မပျက်နိုင်ပါ။

"ကိုယ်ပြောတာက ဘာကိစ္စနဲ့ ဒီလောက်အရေးတကြီး တွေ့ချင်တာလဲလို့ပါ မြလေးရဲ့"

"အင်း ... အဖေပေါ့၊ အဖေက တွေ့ချင်တာလေ၊ ဒီနှစ် ကျောင်းပိတ်ရင် ကိုထွန်းကို ဆက်ဆက်ပြန်လာခဲ့ဖို့ စာရေးချည်ဆိုလို့"

မြလေး၏အဖေ ဦးဒင်္ဂါးက တွေ့ချင်တာဆိုရင်တော့ သူတို့ကိစ္စပဲ ဖြစ်ရမည်။ ဒါပေမဲ့ မြလေးရဲ့မျက်နှာမှာလည်း ရှက်နေပြုံးနေတာက မရှိဆိုတော့ ထွန်းကျော် ပြောရတာခက်နေသည်။

"အင်း ... မြလေးကလည်း ခက်တာပဲ၊ ကဲ ... ကိုယ် ဖြောင့်ပဲမေးတော့မယ်၊ ဦးက တွေ့ချင်တာဆိုရင် ကိုယ်နဲ့မြလေး ကိစ္စလား"

"အောင်မယ် ... အောင်မယ် ... မဟုတ်ပါဘူးနော်၊ မဟုတ်ပါဘူး၊ ဘယ့်နှယ် ကြံကြီးစည်ရာတော်၊ ဒီအဖေနဲ့ ဒီသမီးရှိတာ၊ ကျုပ်က ပြောရဲ


mgyoe.com

mgyoe.com

ပါ့မလားတော့၊ မဟုတ်ရပေါင်တော်”

“မြလေးကလည်း ... မြလေးက မပြောလည်း တစ်ရွာလုံးက သိနေတာပဲ၊ တခြားလူတွေက ပြောချင် ပြောမှာပေါ့”

မြလေးပုံစံက မရှက်သည့်အပြင် ဒေါသပင် ထွက်နေလိုက်သေး၏။

“ဘေးလူကပြောလည်း သားအဖချင်း ဒီလောက်အရှက်နည်းပြီး ကိုထွန်းကို ခေါ်ခိုင်းရအောင် ဒီကကောင်မက ဘာဖြစ်နေလို့လဲ၊ ယောကျ်ား တစ်ယောက်ရဖို့ စာတစ်တန် ပေတစ်တန်ရေးပြီး ခေါ်ရမှာဆို မြဝင်းတို့က မယူတော့ဘူး၊ သိလား”

ရွာပြန်လာရသည့်အကြောင်းကို မေးမိရာက ချစ်သူ၏ဒေါသကြောင့် ထွန်းကျော် မပျော်ရဘဲ စိတ်ကောက်တာချော့ပြီး ပြန်ခဲ့ရသည်။ လမ်းတစ်လမ်းလုံး စိတ်ထဲမှာ မကျေမနပ် ဖြစ်နေခဲ့ရသည်။ အိမ်ရောက်တော့မှ အဖေ့ကို မေးတော့မည်ဟု ဆုံးဖြတ်လိုက်၏။

အိမ်ကိုရောက်ပြန်တော့ အဖေ့ကို မတွေ့ရ။ အရှေ့ကျောင်းကို သွားသည်ဟုဆိုသည်။ ဒါနှင့် ထွန်းကျော်လည်း ရွာထဲက သူငယ်ချင်း ဟောင်းတွေနှင့် သွားတွေ့သည်။ သူငယ်ချင်းတွေ တော်တော်များများက အိမ်ထောင်ရက်သား ကျကုန်ကြသဖြင့် သူနှင့်သိပ်မတွေ့။ လယ်ထဲကိုင်းထဲ ဆင်းသူကဆင်း၊ ရွာပြောင်းသူကပြောင်း ဖြစ်ကုန်ကြသည်။

ညနေပြန်ရောက်သည်အထိ သူ့အဖေကို မတွေ့ရ။ သူ့အဖေလာရင်တော့ မြလေးအဖေ ဦးဒင်္ဂါးက ဘာကြောင့် သူ့ကို ခေါ်သည်ဆိုတာကို သိရမှာ ကျိန်းသေသည်။ သူ့အဖေကလည်း သူ့ကို ဒီနှစ် ဆက်ဆက်ပြန်လာဖို့ စာရေးထားတာ မဟုတ်လား။

ညမိုးချုပ်ခါနီးတော့မှ သူ့အဖေနှင့် ဦးဒင်္ဂါးကိုယ်တိုင်ကို ရွာက


mgyoe.com

mgyoe.com

လူကြီး သုံးလေးယောက်နှင့်အတူ ပြန်လာကြတာ တွေ့ရလေသည်။

"အတော်ပဲ လူလေးရေ၊ ကဲ ...ကျုပ်ပြောတဲ့ ကျုပ်သားဆိုတာ အဲဒီကောင်ပဲဗျ"

အဖေနှင့်အတူပါလာသော လူသုံးယောက်က ထွန်းကျော်ကို ကြည့်သည်။ ထွန်းကျော် ထိုလူသုံးယောက်ကို မမြင်ဘူးချေ။

"ဒါ ကန်ပက်လက်ရွာက ရွာလူကြီးတွေကွ၊ မောင်ထွန်းကျော်ရေ မနက်ဖြန်မနက် (၁၀)နာရီမှာ ရွာဦးကျောင်းမယ် တို့ရွာက ရွာလူကြီးတွေနဲ့ ကန်ပက်လက်ရွာက ရွာလူကြီးတွေစုပြီး အစည်းဝေးလုပ်ကြမလို့၊ အဲဒါ မင်းကို လာဖိတ်တာကွာ"

မြလေးအဖေ ဦးဒင်္ဂါးစကားကြောင့် ထွန်းကျော် ကြောင်သွားသည်။ ကန်ပက်လက်ရွာက လူကြီးတွေကလည်း သူ့ကို ထူးထူးဆန်းဆန်း လူကို စူးစူးစိုက်စိုက်ကြည့်ပြီး တရိတသေ ပြုံးပြရင်း ခေါင်းကိုညိတ်ကြသည်။

"အာ ...ကျွန်တော်နဲ့ ဘာဆိုင်လို့လဲခင်ဗျ၊ ကျွန်တော်က လူကြီးမှ မဟုတ်တာ၊ အဖေ့ကို ဖိတ်တယ်မဟုတ်လား၊ အဖေ့ကိုဖိတ်ရင် တော်ရော ပေါ့ဗျာ"

"ဟာ ...မင်းနဲ့ဆိုင်တာပေါ့ကွ၊ ဆရာတော်ဘုရား ကိုယ်တိုင်က မင်းကို စောင့်နေတာ၊ မင်းလာမှ အားလုံးအဆင်ပြေမှာမို့ မင်းဆီကိုတောင် မိမြကို ငါစာရေးခိုင်းရတာ၊ မနက်ဖြန်အစည်းအဝေးမှာ မင်းကအဓိကပဲ"

ထွန်းကျော် ဘာမျှနားမလည်တော့ဘဲ ဖခင်ဖြစ်သူကိုသာ ကြည့်ရတော့သည်။ ဒီလိုရပ်ကွက်ကိစ္စတွေ ဘာတွေကို သူတစ်ခါမျှ ဝင်လုပ်ခဲ့ဖူးတာ ဘာညာမရှိပါ။ အခု ဘယ်လိုဖြစ်တယ်ဆိုတာကို သူ လုံးဝစဉ်းစားလို့ မရပါ။


mgyoe.com

mgyoe.com

"ဒီလိုကွ သားရ၊ ကျောင်းထိုင်ဆရာတော်ဘုရားက ငါတို့ရွာနှစ်ရွာအတွက် ဓမ္မာရုံဆောက်လုပ်မလို့တဲ့၊ လှူတဲ့ အလှူရှင်ကလည်း ရှိပြီဆိုပါတော့ကွာ၊ အဲဒါ မင်းက ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဆိုတော့ ကျောင်းပုံစံ ဆွဲခိုင်းမလို့တဲ့၊ ရွာမှာက ပညာတတ်ဆိုလို့ မင်းတစ်ယောက်ပဲ ရှိတာမဟုတ်လား"

ဖခင်စကား ကြားတော့မှ ထွန်းကျော် မျက်လုံးပြူး၍သွား၏။ မှားကုန်ပြီ ဆိုတာကိုလည်း သိလိုက်ရသည်။

"ဟာ ... ပြဿနာပဲ အဖေရာ၊ ကျွန်တော်က စက်မှုတက္ကသိုလ်ကျောင်းသားပေမယ့် ကျွန်တော် ယူထားတဲ့ဘာသာက 'ချည်မျှင်' အဖေရ၊ ရက်ကန်းတွေ၊ စောင်စက်တွေနဲ့ပဲ ဆိုင်တာ၊ အဆောက်အအုံဆောက်တာတို့၊ ပုံစံထုတ်တာတို့က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ သင်လည်း မသင်ရဘူး အဖေ"

ထွန်းကျော် စကားကိုကြားတော့ ဦးဒင်္ဂါးက ခေါင်းကိုယမ်းသည်။

"ထွန်းကျော်ရာ ... ငါတို့က ကိုယ့်ရွာသားမို့ ကိုယ် ဂုဏ်ယူပြီးပြောတာ မဟုတ်ပါဘူး၊ မင်း ဒါတွေတတ်တယ်ဆိုတာ ငါတို့ အကုန်သိပါတယ်ကွာ၊ ကဲ ... ကတိုးဆည်ကြီးဆောက်တော့ ဘယ်သူတွေဆောက်သလဲ၊ အင်ဂျင်နီယာတွေပဲ မဟုတ်လားဘူး၊ မင်းတတ်ရဲ့သားနဲ့ ပညာတော့ မလျှို့ပါနဲ့ကွ"

"မဟုတ်ဘူး ဦးလေး၊ စက်မှုကျောင်းသားဆိုပေမယ့် သင်ရတဲ့ဘာသာတွေက ခွဲထားတာမို့ပါ ဦးလေးဒင်္ဂါးရယ်၊ လမ်းတံတားက သပ်သပ်၊ လျှပ်စစ်ကသပ်သပ်၊ အဆောက်အအုံ ဆောက်တာက ... "

"မောင်ထွန်းကျော်ရ ... အဲဒီကိစ္စတွေ ငါ့ကို ရှင်းပြမနေနဲ့ကွာ၊ ငါ

mgyoe.com

တို့ကတော့ မင်းကို အာမခံခဲ့ပြီ၊ ဒီတော့ မနက်ဖြန် မင်း ဆရာတော်နဲ့သာ ရှင်းပေတော့၊ ငါတို့လူကြီးတွေကတော့ မင်းကို တလေးတစား ဖိတ်ကြတာပါပဲ”

ဦးဒင်္ဂါးတို့ ပြန်သွားကြတော့ ထွန်းကျော်က ဖခင်ဖြစ်သူကို ဓမ္မာရုံပုံစံအကြောင်း သူဘာမျှမသိကြောင်းကို ရှင်းပြသော်လည်း သူရှင်းပြနေတာတွေကို သူ့ဖခင် ဦးပုကျော်က တစ်လုံးမျှမသိ၊ သူ့ဖခင်သိတာက သူသည် စက်မှုကျောင်းသား၊ စာတော်သည်၊ ဓမ္မာရုံပုံစံလောက်တော့ သူ့သားက အပျော့ပင်ဖြစ်သည်။

ဘယ်လိုမျှ ရှင်းပြလို့မရ။ ထွန်းကျော် စိတ်ညစ်နေတုန်း မမြဝင်းက ရောက်ချလာသည်။ မမြဝင်း မျက်နှာပေါ်မှာက စိတ်ဆိုးနေသည့်ပုံလည်း ပေါ်သည်။ အရေးကြီးနေဟန်လည်း ရှိသည်။

“ကဲ ... ကိုထွန်းက ဖေဖေ့ကို ဘယ်လိုလုပ် လွှတ်လိုက်တာတုံး”

“ကိုထွန်းက ဘာလုပ်လို့လဲ မြလေးရဲ့၊ အဲဒီကိစ္စကို အခုပဲ ဒီမှာ အဖေနဲ့ ပြောနေတာ”

“ဒီမှာ ကိုထွန်းရဲ့၊ ကိုထွန်း မသိတာတွေကို မြလေးက ပြောပြရဦးမယ်တော့၊ အဖေက ကိုထွန်းကို ကွယ်ရာမှာ ဘယ်လောက်အထင်ကြီးထားတယ် မှတ်သလဲ၊ ဟိုလူနဲ့တွေ့ရင် ကိုထွန်းအကြောင်း ပြောရ၊ ဒီလူနဲ့တွေ့ရင် ပြောရနဲ့ သူ့သား အေးတင်အကြောင်းတောင် ဒီလောက်ပြောတာ မဟုတ်ဘူး၊ အခုဓမ္မာရုံကိစ္စကို ကန်ပက်လက်က လူကြီးတွေနဲ့ အိမ်မှာပြောကြတိုင်း ကိုထွန်းအကြောင်းက မပါရင် မပြီးပါတော်၊ အခု ကိုထွန်းက ဟိုဘက်က ရွာလူကြီးတွေရှေ့မှာ ဒီလိုအရှက်ခွဲချလိုက်တော့ အဖေ့မျက်နှာ ဘယ်လောက်ပျက်ခဲ့ရသလဲ”


mgyoe.com

mgyoe.com

"အဲဒါကိုပဲ ကိုထွန်းက ပြောနေတာလေ မြရဲ့၊ ကိုထွန်း ကျောင်းမှာသင်ရတာက ရက်ကန်းခတ်တဲ့စက်၊ ချည်မျှင်ကနေ အဝတ်ဖြစ်အောင် ရက်တဲ့စက်တွေအကြောင်းပဲ သင်ရတာ၊ ဒီဓမ္မာရုံကိစ္စက ..."

မမြဝင်းက ထွန်းကျော် ပျာပျာသလဲ ရှင်းပြနေတာကို နားမလည်။ ခါးကိုထောက်၍ ခေါင်းကိုသာ ယမ်းနေသည်။

"ကိုထွန်းတို့အိမ်က ပြန်လာပြီးကတည်းက အဖေက မျက်စိမျက်နှာပျက်နဲ့ ထိုင်နေလိုက်တာ၊ ထမင်းကျွေးတော့လည်း မစားဘူး၊ တော်တော်စိတ်မကောင်းဖြစ်နေတဲ့ပုံပဲ၊ အဲဒါ မေးတော့မှပြောတာ ကိုထွန်းရယ်၊ ကိုထွန်းက ရွာကိုမျက်စိလည်လာတဲ့ အင်္ဂလိပ်ကြီးတွေနဲ့တောင် စကားပြောနိုင်တာပဲ၊ သူတို့ဆွဲခိုင်းတာကို ဆွဲပေးလိုက်စမ်းပါ၊ တတ်ရဲ့သားနဲ့ မကတတ်စမ်းပါနဲ့၊ ဆွဲပေးလိုက်ပါ ကိုထွန်းရယ်နော်"

မမြဝင်း စကားဆုံးတော့ ထွန်းကျော် ဖင်ကုတ်ခေါင်းကုတ် ဘာစကားကို ဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ ကျောင်းသို့ ပထမနှစ်သွားတက်ပြီး နွေကျောင်းပိတ်ရက်ကလေး ပြန်လာစဉ်က သူတို့ရွာဘက်ကို ငှက်ကြည့်သည့် တိုးရစ်အဖွဲ့ မျက်စိလည်ပြီး ရောက်လာခဲ့ဖူးသည်။

တစ်ရွာလုံးက ဝိုင်းအုံနေသဖြင့် ထွန်းကျော် ရောက်သွားတော့မှ လမ်းမှားနေမှန်းသိပြီး စကားနည်းနည်းပြောကာ ရွာမှာ ခဏနားကြသည်။ ဒီတော့ ထွန်းကျော်က မြန်မာပီပီ လိုအပ်တာလေးတွေ ကူညီရင်း လမ်းညွှန်ပေးခဲ့ဖူး၏။ တိုးရစ်တွေက သူတို့လုပ်နေကျအတိုင်း ငှက်တွေကိုတင်မဟုတ်၊ ရွာကလူတွေကိုပါ ကြည့်သွား၊ ဓာတ်ပုံရိုက်သွား လုပ်သွားကြသဖြင့် ထွန်းကျော် တော်တော်နာမည်ကြီးသွားခဲ့ရဖူးသည်။

အဲဒီကတည်းက သူတို့ တစ်ခါမျှ မမြင်ခဲ့ဘူးသော အင်္ဂလိပ်ကြီး


mgyoe.com

mgyoe.com

တွေနှင့် ရယ်ရယ်မောမော စကားပြောနိုင်သော ထွန်းကျော်မှာ အကုန်သိ အကုန်တတ်သူတစ်ဦး ဖြစ်သွား၏။ ထွန်းကျော်သည် သူတို့ 'ပင်လုဒေါ' ရွာအတွက်တော့ 'ဂျိန်းစဘွန်း' ဖြစ်၍သွား၏။ အခုတော့ ဂျိန်းစဘွန်း ဒုက္ခရောက်ပြီဖြစ်သည်။

"ဒုက္ခပါပဲ မြလေးရာ၊ ကိုထွန်းတော့ ဘယ်ကစပြီး ဘယ်လိုရှင်းရမှန်းကို မသိတော့ဘူး"

"ဘယ်လိုမှမရှင်းနဲ့တော့ ကိုထွန်း၊ အဖေက ကိုထွန်းကို နောက်ဆုံးစကား ပြောလိုက်ပြီ၊ ကိုထွန်း ရွာဦးကျောင်း ဓမ္မာရုံဒီဇိုင်းကို ဆွဲပေးရင် ကျုပ်နဲ့ အပ်ကျမတ်ကျပဲတဲ့၊ မဟုတ်ရင်တော့ ပြီးပြီတဲ့၊ ကျုပ်ကလည်း အဖေ့သမီး အဖေ့စကားအတိုင်းပဲ၊ ကိုင်း ... ကျုပ် အဲဒါလာပြောတာ၊ ရှက်ရှက်နဲ့ပဲတော့၊ ညဥ့်နက်နေပြီ၊ ကျုပ် ပြန်တော့မယ်"

"မြလေး ... မြလေး ... နေဦးလေ၊ ကိုထွန်း ရှင်းပြမယ်"

ဆင်းသွားသော မမြဝင်းကို လိုက်ဖမ်းနေသော ထွန်းကျော်ကို ဖခင်ဖြစ်သူက အတင်းဆွဲသွား၏။

"လိုက်မနေနဲ့တော့လေ၊ ငါ့သား မင်းကောင်မလေး ပြောတာက ရှင်းနေပြီပဲ၊ မနက်ဖြန် ဆွဲပေးလိုက်ပေါ့ကွ၊ ဘာအရေးလဲ"

* * *

ထွန်းကျော်က စကားကို ရပ်ထားလိုက်သဖြင့် Finalကျောင်းသားတွေအားလုံး စိတ်ဝင်စားမှုက အထွတ်အထိပ်သို့ ရောက်သွား၏။

ဒီနှစ် ကျောင်းအပိတ် အိမ်အပြန်တွင် အိမ်ထောင်ကျလာသော ထွန်းကျော်ကို ဝိုင်းမေးကြရာမှ ထွန်းကျော်က သူ့ရွာပြန် ဇာတ်ကြောင်း


mgyoe.com

mgyoe.com

ကို ရှင်းပြနေခြင်း ဖြစ်သည်။

"ဒါဆို မင်း အိမ်ထောင်ကျလာတယ်ဆိုတော့ ပုံစံထုတ်ပေးလိုက်တယ်ပေါ့"

"ထုတ်ပေးလိုက်တာပေါ့ကွ"

"ဟာ ... မင်းတို့ရွာက ဓမ္မာရုံကတော့ သွားပါပြီကွာ၊ ရက်ကန်းစင်ပုံစံကလေးလား"

"ဘယ်ဟုတ်မလဲကွ၊ ငါက စက်မှုကျောင်းသားဆိုပေမယ့် ယူထားတဲ့ဘာသာက ချည်မျှင်ဖြစ်ကြောင်း၊ ဓမ္မာရုံနဲ့ ဘာမှမဆိုင်ကြောင်း၊ လက်သမားသာခေါ်ပြီး ကြည့်လုပ်ပါပြောတာ ဆရာတော်ဘုရားက လုံးဝလက်မခံဘူးကွ၊ ဟိုဘက်ရွာက လူတွေလာရင် ဒါတွေမပြောဘဲနဲ့ ပုံစံသာဆွဲပေးပါလို့ ပြောတာကိုးကွ"

"အဲဒီတော့ မင်းက ..."

"လူစုံတော့ သူတို့က ပြောစရာ ဆိုစရာတွေပြီးတာနဲ့ ငါ့ကို ပုံစံဆွဲခိုင်းတော့ ငါလည်း ချက်ချင်းပဲ ပုံတစ်ပုံ ဆွဲပေးလိုက်တယ်၊ ငါ့ပုံလည်းကြည့်ပြီးရော၊ သူတို့ တော်တော်လန့်သွားကြတယ်ကွ"

"ဒါတော့ မဖြစ်နိုင်ဘူးကွာ၊ ပိုက်ဆံအများကြီး ကုန်လိမ့်မယ်လို့ပြောတယ်၊ ငါကလည်း အဲဒါ ငါတတ်ထားတဲ့အထဲက အနိမ့်ဆုံးပုံကိုဆွဲပေးတာပဲလို့ ပြောလိုက်တော့ ငါ့ကို ဘာမှမပြောဘဲ ပြန်လွှတ်လိုက်ကြတယ်"

"မင်းက ဘာပုံဆွဲပေးလိုက်လို့လဲ"

"ရန်ကုန်ဘူတာကြီးပုံလေ"

"ကောင်းတယ်ကွာ"


mgyoe.com

mgyoe.com

"အဲဒါ နောက်တစ်ပုံ ထပ်ဆွဲခိုင်းတာတို့၊ နောက် တစ်ခုခုဆောက်ရင် ဆွဲခိုင်းမှာတို့ ကြောက်တာနဲ့ ငါလည်း မြလေးကို တစ်ခါတည်း လက်ထပ်ခဲ့တာကွ"

"ကောင်းလိုက်တဲ့ အောင်သွယ်ကြီးပါပဲကွာ"

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## ချုပ်တိုက်ကြီး

ပန်းရိပ်ချောင်းသည် ဟိုးအရင် ရှစ်နှစ်လောက်တုန်းကလိုပဲ တိတ်ဆိတ်ညင်သာစွာ စီးဆင်းနေသည်ဟု ထွန်းဖဲ ထင်ချင်သည်။ အို … မဟုတ်သေးပါဘူး။ ဟိုးတုန်းကလို စီးနေတာမဟုတ်ဘူး။ တကယ့်ဟိုးတုန်းကမှ ဟိုတုန်းကလို စီးနေတာ စင်စစ်ဖြစ်ကို ဖြစ်ရမည် …။ ချစ်သူ၏ပခုံးကို မှေးဖက်ထားသလို သူတို့ရွာလေးကို မှေးပြီး ယုယုယယ ပွေ့ဖက်ထားသည့် ပန်းရိပ်ချောင်းစွယ်ကလေး …။ ရေစီးပေါ်မှာ ပေါ်နေတဲ့ ဂဃက်ထငါးရေခွဲတွန့်ကလေးတွေ ချောင်းအကွေ့ … အင်မပြစ်မွှာတွေကို ရေအရှိန်နဲ့တိုးလို့ ခုန်ထနေတဲ့ ရေမှုန်ရေစက်တွေ …

ပြီးတော့ …

ချောင်းထဲမှာ ပုဇွန်ဆီသန်းနေတဲ့ ညနေခင်းနေရောင် အားလုံးသည် လွန်ခဲ့သည့်ရှစ်နှစ်တုန်းက ညနေခင်း သူ ဟောဒီပန်းရိပ်ချောင်းကလေးကို


mgyoe.com

mgyoe.com

ကျောခိုင်းခဲ့စဉ်ကအတိုင်း တစ်သဝေမတိမ်း ပြန်လုပ်ပြနေခြင်းသာ ဖြစ်ရမည်။

သူ့ ပန်းရိပ်ရွာကလေးဆီကို လှမ်းကြည့်လိုက်တော့ ညနေရီနေခြည်မှာ ငြိမ်သက်၍နေသည်။ ရွာအဝင်သဲလမ်းသည် ဟိုးအရင်တုန်းကလိုပဲ သဲဖွေးဖွေးနှင့် ဟိုးအဝေးကို ဆန့်၍ထွက်သွားသည်။ ရွာလမ်းရဲ့အဆုံးမှာ ညနေရီနေရောင်နဲ့ ငြိမ်နေတဲ့ ပဲခူးရိုးမရဲ့ တောင်စွယ်တောင်တန်းတွေ ...။ ရွာလေးဆီမှ ညနေခင်း ထမင်းချက်ထင်းမီးခိုးငွေ့သည် တစ်အိမ်မှတစ်အိမ် ငြိမ်ငြိမ်ဆိတ်ဆိတ် လွင့်တက်လာနေကြသည်။

ပန်းရိပ်ချောင်းပေါ်၌ ဖြတ်တိုက်လာသော လေ၏ရနံ့ထဲတွင် နှင့်ခနဲနေအောင် ပါလာသည့် ချက်မြှုပ်ဇာတိရွာ၏ ရနံ့ကို ထွန်းဖဲ အားပါးတရ ရှူပစ်လိုက်သည်။ ပြီးတော့ ... တံတားလက်ရမ်းကိုကိုင်ကာ ချောင်းပြင်ဖြတ် လေညင်ညင်သုန်သုန်ထဲကို မျက်လုံးအသာမှေးထားသော သူ့မျက်နှာ ခပ်မော့မော့ကလေး ထိုးထည့်ပေးထားလိုက်သည်။ ချောင်းပြင်လေသည် သူ့မျက်နှာတစ်ပြင်လုံး သူ့တစ်ကိုယ်လုံးနှင့် သူ့နှလုံးသားတစ်ခုလုံးကို ညင်သာစွာ ထွေးပွေ့ထားသည်ဟု သူ ခံစားနေရသည်။

သူ ရှစ်နှစ်လုံးလုံး အကြိမ်ကြိမ် စိတ်ကူးယဉ်ပြီးတော့ မျက်စေ့ထဲ ပြန်မြင်မြင်နေခဲ့ရတဲ့ ရွာကလေး ...။ ရိုးရိုးအသိစိတ်ဖြင့် စဉ်းစားသည့်အခါတွင် အိမ်လွမ်းစိတ်က ပိတ်စဖြူဖြူပေါ်တွင် မီးခိုးရောင်ဆေးတစ်စက်ကျသွားသလို အလွန်လျင်မြန်စွာ စိမ့်ပြန့်သွားတတ်၏။ အိပ်မက်မက်သည့်အခါ သူသည် တကယ့်ရွာကို ပြန်ရောက်သွားပြီး အရိပ်အယောင်၊ အသံ၊ လူ၊ ရနံ့တို့နှင့် လုံးထွေးလှုပ်ရှား လူးလွန့်နေရာမှ လန့်နိုးသွားသည့်အခါ အခြားအရာအားလုံး ပျောက်ကွယ်သွားသော်လည်း ညှိုးရိပ်


mgyoe.com

mgyoe.com

သင့်နေသော ရွာ၏ရနံ့က အိပ်မက်ဆိုသော အသိနှင့်ပေါင်းပြီး ရင်ထဲမှာ မီးခိုးတွေ တဖြည်းဖြည်းချင်း ပြိုကွဲသလို ပြိုကွဲနေတတ်သည်။

အခုတော့ သူ ... သူ့ဇာတိရွာကလေးကို ပြန်ရောက်ခဲ့ပြီ။

ဒီချောင်း ... ဒီရွာ ... ဒီလမ်း ... ဒီတံတား ... ဒီလေပြည် ... ဒီနေခြည် ... ဒီရနံ့တွေကို ရနေပြီ။ အရင်တုန်းကလို အိပ်မက်ဆိုတဲ့ အသိမှ တစ်ခါပြန်မပျောက်တော့တဲ့ သူ့ရင်ထဲက ရွာစင်စစ်။

ထိုအချိန်တွင် ချောင်းဟန့်သံကြောင့် လှည့်ကြည့်တော့ ဘကြီးမိုး။ နွားနီကြီးနှစ်ကောင်နောက်မှ လှည်းပေါ်မှာ နှင်တံကြီးမြှောက်လို့။ အရင်တုန်းကလို သန်မာဆဲ ... တည်ငြိမ်မြဲ။

"ဘကြီးမိုး ..."

"ဟေ ..."

အသံက ရင်းနှီးခြင်းမရှိ။ မယုတ်မလွန် သတိထားသံကြီး ပါနေသည်။

"ဘကြီးမိုး ... ကျွန်တော်ပါ၊ ထွန်းဖဲရယ် ... ထွန်းဖဲ၊ ကိုလှဖဲ မမယ်အုပ်တို့သား ထွန်းဖဲပါ"

"ဟေ ... မယ်အုပ်တို့သား ထွန်းဖဲလား၊ ဟော့ကောင် မင်းရွာပြန်လာတာလား၊ တသွေးတမွေးနဲ့ကိုကွ၊ တကယ်ကို မမှတ်မိတာဟော့၊ မင်းက ဖြတ်လျှောက်ပေါ် ဘာလုပ်နေတာလဲ၊ လာလေကွာ"

"ရွာကိုငေးနေတာ အဘရ၊ ရွာကိုငေးနေတာ"

"ငေးမနေနဲ့ ရောက်မှပဲ၊ လာလာ လှည်းပေါ်တက်၊ ပစ္စည်းတွေက မနည်းပါလားကွ"

"ကျွန်တော် လမ်းပဲလျှောက်ခဲ့တော့မယ် ဘကြီးမိုး၊ ရွာက လမ်း


mgyoe.com

mgyoe.com

လျှောက်ပြီး ထွက်ခဲ့တာ လမ်းလျှောက်ပြီး ဝင်ချင်လို့"

"ကိုင်း ... လုပ်ပြီပေါ့ ထွန်းဖဲတို့ကတော့ကွာ၊ ကဲကွယ် ... အဲဒါဆို မင်းအိတ်တွေ ဘာတွေ တင်ပေးဦး၊ ပြီးမှ မင်းနောက်က အေးအေးဆေးဆေး လိုက်ခဲ့ပေါ့၊ ကိုင်း ... လာလာ မင်း လှည်းစောင့်နေတာပဲ မဟုတ်လား"

ဘကြီးမိုးက သူ့ပစ္စည်းတွေ လှည်းပေါ်တင်ပြီး ရှေ့က ထွက်သွားနှင့်သည်။

သူ ရွာလယ်လမ်းပေါ် ခြေချလိုက်တော့ ဖုန်မှုန့်ရနံ့က ထောင်းခနဲ ရသည်။ အဲဒီရနံ့ကို အိပ်မက်မက်ပြီးတိုင်း အမြဲတမ်း လွမ်းခဲ့ရသည်။ ရွာလယ်လမ်းကနေ ဘေးဘီဝဲယာအိမ်တွေကိုကြည့်တော့ ကြက်ခတ်ဝါး ခြံစည်းရိုး၊ ကနစိုသားကွပ်ပျစ်၊ သက်ကယ်မိုးထရံကာ အိမ်ကလေးတွေ ဟိုးရှစ်နှစ်တုန်းကအတိုင်း ဘာမှမပြောင်းလဲကြ။ သက်ကယ်တွေကို ချည်ထားသည့် နှီးပင်တွေပင် ဟိုရှစ်နှစ်တုန်းက အတိုင်းပဲဟု ထင်ရသည်။

သုံးလေးအိမ်ကျော်လာတော့မှ သူ့ကို လူတွေကထွက်ပြီး ကြည့်ကြတာကိုလည်း သူ သတိထားမိသည်။ ဘကြီးမိုးက လှည်းပေါ်က သတင်းဖြန့်သွားဟန်တူသည်။ သို့သော် ထွက်ကြည့်သူတွေအားလုံးက ဘာကြောင့်မှန်းမသိ မခေါ်ကြ။ သူနှင့်အတူ ခင်မင်ခဲ့ကြသော အော်ဖော်အော်ဖက် စဖော်စဖက် တစ်အိမ်တက် တစ်အိမ်ဆင်းနေခဲ့ကြတဲ့ လူတွေချည်း ဖြစ်သော်လည်း သူ့ကို ဘယ်သူမျှမခေါ်ကြ။ သူကလည်း သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသော မျက်လုံးတွေကြောင့် စပြီးတော့ မခေါ်ရဲခဲ့။

လူတွေအားလုံး သူ့ကို တမင်တကာ ထွက်ကြည့်နေတာ သေချာပါသည်။ သို့တိုင် သူ အဲဒီလူတွေကို မခေါ်ဖြစ်။ ရှစ်နှစ်ဆိုသော အချိန်ကာလသည် ရွာလေးတွင်ရှိသော လူများနှင့် သူ့ကို တစ်စုံတစ်ရာ ကွဲပြား


mgyoe.com